# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၉၇)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပညာတတ်လူသားအရင်းအမြစ်များကသာ ဆောင်ရွက်နိုင် ဒီမိုကရေစီနိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲရေး ပညာတတ်မျိုးဆက်သစ်များ လိုအပ် နောင်တက်လာမည့်အစိုးရအတွက် ရေကန်အသင့် ကြာအသင့်ဖြစ်စေရန် စီမံဆောင်ရွက်နေ

**နေပြည်တော် ဇူလိုင် ၂၈**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် (တောင်ပိုင်း) ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံး၌ ပညာရေးကဏ္ဍကို ပြန်လည်ဆန်းစစ်ကြည့်ပါက အဆင့်မြင့်ပညာကဏ္ဍ၌ ၁၉၈၈ခုနှစ်မတိုင်မီတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၂ ခု၊ ၂၀၀၇ ခုနှစ်တွင် ၁၅၆ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ် ကောလိပ်တစ်ခုသာရှိပြီး၂၀၀၇ ခုနှစ်တွင် တက္ကသိုလ်ကောလိပ် ခုနစ်ခုအထိ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံး၌ တက္ကသိုလ်၊ ကောလိပ်ကျောင်းသားအရေအတွက်မှာ ၁၉၈၈ ခုနှစ်တွင် ၁၃၄၃၂၅ ဦးရှိပြီး ၂၀၀၇ ခုနှစ်တွင် ၅၉၆၆၉၆ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသားပေါင်း ၃၀၆၄ ဦးရှိရာမှ ၂၀၀၇ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသားပေါင်း ၇၉၂၉ ဦးအထိ တိုးတက်လာခဲ့ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ●



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း**

**ဆောင်းပါး အညွှန်း**

## ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားလျက်ပါ

အမှားကို အမှားမှန်းမသိဘဲ ဆက်မိုက်နေရင်တော့ အမှန်တရားနဲ့ ဝေးသထက် ဝေးတော့မှာပေါ့ကွာ။ အခုလဲ KNU အကြွင်းအကျန် နည်းနည်းကျန်နေသေးတယ်။ သူတို့ဟာ တစ်ဖက်နိုင်ငံနယ်စပ်မှာ ဒုက္ခသည်စခန်းအမည်ခံပြီး အခြေပြုနေကြတယ်။ အဲဒီ ဒုက္ခသည်စခန်းကနေပဲ ပြောက်ကျားနည်းနဲ့ ဘကြီးတို့နိုင်ငံထဲကို ပြန်ခိုးဝင်ပြီး နှောင့်ယှက်တိုက်ခိုက်မှုတွေ လုပ်နေကြတုန်းပဲ။ ဒါပေမယ့် တပ်မတော် အစိုးရကတော့ ဒီလက်ကျန်အုပ်စုအတွက်လဲ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားလျက်ပါပဲဆိုတာ ဘကြီး ပြောခဲ့ပြီးပြီနော်။

စိုးမြကျော်၏ ဆောင်းပါး (စာ ၈ ၊ ၉ နှင့် ၁၀)တွင် ဖတ်ရှုနိုင်ပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၉ ရက်)

# ကုသိုလ်ဆပွား ကျင့်ကြံအားထုတ်ကြရမည့် ထူးမြတ်သော ဝါဆိုလပြည့်အခါတော်

ယနေ့သည် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ အခါသမယဖြစ်သည်။ ဝါဆိုလသည် မြန်မာ ဆယ့်နှစ်လတွင် စတုတ္ထမြောက်လ ဖြစ်သည်။ ဥတုမှာ ဝသန္တ မိုးဥတု၊ ရာသီမှာ ကရကဋ်၊ ရာသီရုပ်မှာ ပုစွန်လုံး၊ တာရာမှာ ဆင်တာရာ ဖြစ်သည်။ လမင်းနှင့် ယှဉ်ပြိုင်ထွန်းလင်းသော နက္ခတ်မှာ ပြုဗ္ဗာသဠ်နက္ခတ်ဖြစ်၍ ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်ပြီး ရာသီပွဲတော်မှာ ပဠွင်းခံပွဲတော် ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်၏ ဘဝဖြစ်စဉ်တော်တွင် ဝါဆိုလပြည့်နေ့သည် ထူးခြားလေးနက်သော အဓိပ္ပာယ်ကို ပြဆိုလျက်ရှိသည်။

မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ယံအချိန်တွင် သိရိမာယာဒေဝီ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ အလောင်းတော်သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေ ယူတော်မူသည်။ မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့်နေ့ တနင်္လာနေ့ ညဥ့်သန်းခေါင်ယံတွင် ဆန္နအမတ်ကိုခေါ်၍ ကဏ္ဍကမြင်းတော်ကိုစီးလျက် တောထွက်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့် စနေနေ့ညချမ်း နေမင်းလည်း ဝင်လုဆဲဆဲ၊ လမင်းလည်း ထွက်ပေါ်လုဆဲဆဲ၌ တရားဦးဓမ္မစကြာကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

လမြတ်ဝါဆိုမှာပင် ရှင်တော်မြတ်ဘုရားသည် သတ္တမဝါကို တာဝတိံသာနတ်ပြည်၌ ကပ်တော်မူ၍ မယ်တော်နတ်သား အမှူးပြုသော နတ်၊သိကြား၊ ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာ တရားတော်ကို ဟောကြားတော်မူခဲ့သည်။

ဤလမြတ်ဝါဆို၌ပင် တိတ္ထိတက္ကတွန်းတို့အား တန်ခိုးပြာဋိဟာပြတော်မူ၍ မဟာသက္ကရာဇ် ၁၀၉ ခု ဝါဆိုလပြည့် ညနေချမ်းတွင် သာဝတ္ထိပြည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင် အနီးတွင် ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ နှစ်ဆယ့်လေးယူဇနာရှိသော လူပရိသတ်နှင့်တကွ နတ်ဗြဟ္မာတို့အား ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူခဲ့ပေသည်။

ဤကဲ့သို့ ထူးမြတ်မှုအဖုံဖုံတို့ဖြင့်ပြည့်စုံသော နေ့ထူးနေ့မြတ်ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အနေဖြင့်ပေးကမ်းလှူဒါန်းခြင်းဒါနကုသိုလ်၊စောင့်ထိန်းအပ်သော သီလကုသိုလ်၊ ပွားများအပ်သော ဘာဝနာကုသိုလ်အဖြာဖြာတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပြီး ကုသိုလ်ဆပွားမေတ္တာတရား ပွားများနိုင်ကြစေကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




မိခင် ဒေါ်ဝင်းလှ အားရည်စူး၍ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (က)ရပ် ကွက် ဂမုန်းလမ်း အမှတ် ၁၁ နေ ဦးသိန်းဇော်-ဒေါ်လှိုင်ငွေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ပြည်သူများ ကျသင့်သည့်အခွန် ပေးဆောင်စေရေး ချိုသာပြေပြစ်စွာ ပညာပေး စည်းရုံးကောက်ခံ ရသင့်ရထိုက်သည့်အခွန်များ အပြည့်အဝရရှိရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၃၁) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။** (အောက်ပုံ)






### အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက အလေးထား ဖွင့်လှစ်ပေးနေသည့် မြို့နယ် အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို အောင်မြင်စွာတက်ရောက်ကြပြီးဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် မိမိတာဝန်ကျရာလုပ်ငန်းခွင်၌ လက်တွေ့ဆောင်ရွက်ရာတွင် ဥပဒေစည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်လုပ်ထုံးလုပ်နည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် သင်တန်းများ စဉ်ဆက်မပြတ် စီစဉ်ဖွင့်လှစ်ပေးနေသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်းသင်တန်းတွင် လေ့လာသင်ယူခဲ့သည့်အတိုင်း အခွန်ပေးဆောင်ထိုက်သည့် ပြည်သူများက ကျသင့်သည့်အခွန်ကို လိုလိုလားလား ပေးဆောင်လာစေရေးအတွက် ချိုသာပြေပြစ်စွာဖြင့် စနစ်တကျ အခွန်ပညာပေးစည်းရုံးကောက်ခံသွားကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာနှစ်အတွင်း လျာထားချက်ပြည့်မီကျော်လွန်စေရန်သာမက ရသင့်ရထိုက်သည့် အခွန်များအပြည့်အဝမှန်မှန်ကန်ကန်ရရှိစေရန် ဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း၊ ဝန်ထမ်းအဆင့်ဆင့်တိုင်းသည် နိုင်ငံတော်၏ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ တိုးတက်အောင်မြင်မှုများသိရှိလေ့လာပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး မှန်ကန်မွန်မြတ်သော စိတ်ထားဖြင့် နိုင်ငံတော်၏ တာဝန်များကို အဂတိတရား ကင်းရှင်းစွာ၊ ရိုးဖြောင့်မှန်ကန် တာဝန်သိစွာဖြင့် ထမ်းရွက်သွားရန် အထူးအရေးကြီးကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

### သင်တန်းဆင်းလက်မှတ်ပေးအပ်

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယထူးချွန်ဆုများရရှိကြသည့် ဦးစီးအရာရှိများဖြစ်ကြသော ဦးဇော်လင်းမိုး၊ ဦးရဲဝင့်နိုင်နှင့် ဦးအောင်မျိုးဝင်းတို့အား ထူးချွန်ဆုများကိုလည်းကောင်း၊ သင်တန်းသားများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သောင်းအား သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

## E-Library သို့ ပေးပို့လှူဒါန်းနိုင်

**ရန်ကုန် ဇူလိုင် ၂၈**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များရှိ E-Library များ အဆင့်မြှင့်တင်ရေးနှင့် အချင်းချင်း ချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ယခုအခြားဝန်ကြီးဌာနများ၊ တက္ကသိုလ်နှင့်ကောလိပ်များရှိ E-Library များ အဆင့်မြှင့်တင်ရေးနှင့် အချင်းချင်း ချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ Knowledge Base အဖြစ် ဆောင်ရွက်လျက်ရှိသည်။ E-Library On line စာကြည့်တိုက်စနစ်ကို ပိုမိုပြည့်စုံသော E-Library စနစ်ဖြစ်လာစေရန်အတွက် မှတ်တမ်းများ၊ စာအုပ်စာတမ်း၊ ဂျာနယ်များ၊ ဆောင်းပါးများနှင့် ပန်းချီကားများ၊ ဓာတ်ပုံများကို ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များနှင့် ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းများအား တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ E-Library စနစ်သို့ ပေးပို့လှူဒါန်းရန် ဖိတ်ခေါ်ကြောင်းနှင့် ဆက်သွယ်ရန်လိပ်စာများမှာ စာကြည့်တိုက်မှူး တက္ကသိုလ်များဗဟိုစာကြည့်တိုက် e-mail: ucl @ dhelm-edu.gov.mm ဖုန်း ၀၁-၅၃၆၉၂၇၊ ၅၃၄၉၇၉၊ ၅၃၅၈၄၇၊ ပါမောက္ခဌာနမှူး ရန်ကုန်တက္ကသိုလ် ကွန်ပျူတာ သိပ္ပံ ပညာဌာန e-mail: csyu @ dhelm-edu.gov.mm ဖုန်း-၀၁-၅၁၃၁၆၄ ရုံးအဖွဲ့မှူး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၇၁၅၈၊ ဌာနမှူး၊ ပညာရေးရာဌာန၊ ဖုန်း-၀၁-၅၄၅၁၃၅၊ ၅၅၉၈၉၂ နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန ဖုန်း-၀၆၇-၄၂၀၃၅၁ တို့ ဖြစ်ကြသည်။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန E-Library ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်ဝင်းရှိ Myanmar Info-Tech ခန်းမဆောင်ကြီး၌ပြုလုပ်မည်ဖြစ်ပြီး အလှူရှင်များနှင့်စိတ်ဝင်စားသူများတက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၉-၇-၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **စိတ်ကူးထဲကသူ** |
| ၁၃း၅၀ | ၆။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၂၀ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၅ | ၅။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၄၅ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၄၀ | ၁၁။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၂။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၅) |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | ပဟေဠိနန်းတော် |
| | ၁၈။ | ကျန်းမာသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၁၂) |



အမှတ် ၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ် ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘန သည် အမေရိကန်နိုင်ငံသို့ သာသနာပြုခရီး ကြွရောက်ခဲ့ပြီး ဇူလိုင် ၂၃ရက် ညပိုင်းက လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူရာ တပည့် ဒါယကာ ဒါယိကာမများနှင့်အတူ တွေ့ရစဉ်။ (က-ပ)

● ရှေ့ဖုံးမှ

တစ်နိုင်ငံလုံးတွင် အခြေခံပညာကဏ္ဍ၌ ၁၉၈၈ခုနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ၁၆၉၆ကျောင်း၊အခြေခံပညာမူလတန်းကျောင်း ၃၃၃၂၉ ကျောင်းရှိရာမှ ၂၀၀၇ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း ၂၀၄၇ ကျောင်း ၊ အခြေခံပညာ အလယ်တန်းကျောင်း ၂၆၀၅ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၅၉၅၂ ကျောင်း၊အခြေခံပညာမူလတန်းကျောင်း ၃၅၈၉၆ ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၌မူ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း ၂၉ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၈၀၊ အခြေခံပညာမူလတန်းကျောင်း ၁၈၂၀ ရှိခဲ့ရာမှ ၂၀၀၇ခုနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း ၅၈ကျောင်း၊အခြေခံပညာအလယ်တန်းကျောင်း ၁၁၅ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၃၄၂ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၂၁၇၈ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊၁၉၈၈ခုနှစ်တွင်တစ်နိုင်ငံလုံး၌ အခြေခံပညာ ကျောင်းသားပေါင်း ၅၂၃၉၈၇၈ဦး ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ၇၈၃၈၁၃၆ ဦးအထိရှိလာပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ၁၉၈၈ခုနှစ် တွင် အခြေခံပညာကျောင်းသား ၂၂၉၇၄၉ ဦး ရှိခဲ့ပြီး ဖြစ်ရာမှ ၂၀၀၇ ခုနှစ်တွင် ၃၄၈၀၁၅ဦးအထိ တိုးတက်လာသည်အထိ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ကမ္ဘာသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ် လူသားအရင်းအမြစ်များဖြင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ချက်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နောင်တက်လာမည့် အစိုးရလက်ထက်တိုင်အောင် လူသားအရင်းအမြစ်များ အသင့်ရှိနေရန်၊ ရေကန်အသင့် ကြာအသင့်ဖြစ်နေရန် စီမံဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

ထို့အပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ပညာတတ်မျိုးဆက်သစ်များရှိနေရန်လိုအပ်ကြောင်း၊ သို့ပါ၍ ယခုကဲ့သို့ ပညာရေးကဏ္ဍကို အလေးထား ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်နယ် ပညာရေးမှူး ဦးမြထွဋ်က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် တောင်ကြီးမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သက်ပိုင်အောင်၊ တောင်ကြီးမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ မဇာခြည်မင်းနောင်၊ မဇင်မာဖြူနှင့် မနန်းသီရိဖူးတို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် တိုင်းမှူး၏ ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့ကလည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်နွယ်နီဝင်း၊ တိုင်းဦးစီး (ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးဝင်းလှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးတို့ကလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ညွန့်ဝင်းနှင့်ဇနီး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးနေဝင်းနှင့် ဇနီး၊ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးရေချမ်းတို့ကလည်းကောင်း ဆုများကို ချီးမြှင့်ပေးအပ်ကြသည်။

## ဆုချီးမြှင့်

ယင်းနောက် ၂၀၀၇ခုနှစ်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်ချက်အကောင်းဆုံး မြို့နယ်ဆုများကို ဆက်လက်ချီးမြှင့်ရာ ပထမဆုရရှိသော တောင်ကြီးမြို့နယ်၊ ဒုတိယဆုရရှိသော မိုးနဲမြို့နယ်နှင့် တတိယဆုရရှိသော လွိုင်လင်မြို့နယ်တို့အား ပြည်နယ် ပညာရေးမှူး ဦးမြထွဋ်က လည်းကောင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်ချက် အကောင်းဆုံးကျောင်း ပထမဆုရရှိသော အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရရှိသော အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် တတိယဆုရရှိသော အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့အား ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး)ဦးအောင်ကျော်မိုးကလည်းကောင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် သင်ကြားမှု ထူးချွန်ဆုရရှိသော ဆရာ၊ ဆရာမများအား ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဒေါ်ဂျာနန်ကလည်းကောင်း၊၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့် အထူးဆုရရှိသော ကျောင်းသူများအား ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဂုဏ်ထူးရရှိကြသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင်၂၁ဦး၊ လေးဘာသာဂုဏ်ထူးရှင်၂၇ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၇ဦးတို့ အပါအဝင် ဂုဏ်ထူးရှင် စုစုပေါင်း ၉၉ဦးတို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လမြတ်ဝါဆို

* မိဂဒါဝုန် သည်တောမှာလ
ကိုလေသာ ကုန်စင်မျောပါပေ့ါ
မြတ်သောဘဂဝါ ဘုရားဂေါတမမဟာဖြင့်
မြတ်သောရတနာ တရားဦးဟောပြပါတဲ့
'လမြတ်ဝါဆို'...။
* ငါးဦးတဲ့ ပဥ္စဝဂ္ဂီ မယုံကြည်သံသယကိုဖြင့်
တရားထူးစုံအညီ အစဉ်မြွက်ချီအမှန်ပြပါလို့
သံသရာဘဝ ဆက်ခါနေမသွားရအောင်ပ
'ဓမ္မစကြာ' ဒေသနာတရားကို
ဟောကြားတဲ့ 'လမြတ်ဝါဆို'...။
* မြန်မာတွေ ပြောချက်စကားထွက်ရယ်က
'သန္ဓေ၊ တောထွက်၊ ဓမ္မစက်'ပါလို့
သတ်မှတ်ချက် စာဆို
'လမြတ်တဲ့ဝါဆို'...မှာဖြင့်
အဟုတ်ပမှန်စွာ ဗုဒ္ဓဘာသာဝင်တို့မှာ
အများမဖွေရှာ အမှန်သာ သံသရာကင်းမဲ့သစ္စာတရားတွေနဲ့
စံဌာနီ မြန်မာပြည်တစ်ဝန်းကိုလ
လွှမ်းကြစေသား။ ။

**သူဇာနွယ် (ဖျာပုံ)**

# ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်းပူဇော်ပွဲ

**ရန်ကုန် ဇူလိုင် ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၂)ကြိမ်မြောက် ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်းပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက်တွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပသည်။ အခမ်းအနားတွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရွှေရင်က ယခုနှစ်တွင် စက်တင်ဘာ ၁၁ ရက် (ဝါခေါင်လကွယ်)နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ကြွရောက်တော်မူလာကြမည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျောင်းပေါင်း ၁၀၈ ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့မှ သံဃာတော်၊ သီလရှင်အပါး ၅၀၀၀ ကျော် ကြွရောက်တော်မူလာမည်ဖြစ်ကြောင်း ပြောကြားကာ ဆပ်ကော်မတီအသီးသီးကိုတာဝန်ပေးအပ်လိုက်သည်။

စေတနာရှင်၊အလှူရှင်များ၊ အသင်းအဖွဲ့များ၊ ဆေးတိုက်ပိုင်ရှင်များက ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်းပူဇော်ပွဲအတွက် ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်ဘက်စောင်းတန်း အောက်ပစ္စယာရှိ မော်လမြိုင်အသင်း ရန်ကုန် ဖုန်း-၀၁-၂၅၆၁၅၇ ရန်ကုန်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၀၅၇-၂၄၆၉၀၊ ကျိုက်သုတ်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၅၇-၂၅၅၃၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်တွင် ဇူလိုင် ၁၇ ရက်က အခြေခံပညာ ထက်၊လယ်၊မူ ကျောင်းများသို့ ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အလက (၃) အလုံကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမက(၂) အလုံသို့ ကျောင်းသုံးပစ္စည်းများ လှူဒါန်းစဉ်။ (က-ပ)

# အထက(သုဝဏ္ဏ) ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သုဝဏ္ဏ) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် သီရိသုဝဏ္ဏ ပညာခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးတင့်လွင်၊ သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးထွဏ်းထွဏ်းနှင့် အဖွဲ့ဝင်များ၊ (၂၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ(မိဘ) ဒေါ်မြမြဝင်းနှင့် အမှုဆောင်များ၊ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ဖတ်ကြားတင်ပြ

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာကြီး၊ ခရိုင်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးခင်ဝေတို့က အမှာစကားပြောကြားကြပြီး ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဆရာမ ဒေါ်နီနီရှိန်၊ အတွင်းရေးမှူး ဆရာမ ဒေါ်ဖြူဖြူဝေနှင့် အထက်တန်း ကိုယ်စားလှယ် ဆရာမ ဒေါ်ချိုချိုခင်တို့က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအတွက် လှူဒါန်းသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ဆက်လက်၍ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သောကျောင်းသား ကျောင်းသူများနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွင်း အတန်းအသီးသီးမှ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့်၊ ရန်ကုန်တိုင်းအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆုရ အားကစားသမားများ၊ ဗဟိုအဆင့်၊ မြို့နယ်အဆင့် ကာတွန်း၊ ပန်းချီ၊ စာစီစာကုံး ပြိုင်ပွဲဆုရရှိသူများက ဆုများချီးမြှင့်ကြသည်။



**(အောက်ပုံ)** ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(သုဝဏ္ဏ)မှ ဂုဏ်ထူးရှင် ၇၂ ဦးနှင့် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်တွင် တစ်မြို့နယ်လုံး အောင်ချက်ပထမအဆင့်ရရှိခဲ့သည်။

**(က-ပ)**

# NLDသည် အမျိုးသားစည်းလုံးညီညွတ်ရေးပစ်ပယ်၍ အာဏာရရေး တောင်းဆိုနေ ကန့်ကြီးထောင့်မြို့နယ်မှ ပါတီဝင် ၇၁ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၂၈**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးထွန်းတင်၊ ဦးဝင်းမြင့်၊ ဦးအောင်ကြည်သိန်း၊ ဦးတင်လှိုင်၊ ဦးကိုသိန်း၊ ဦးတက်ထွန်း၊ ဦးခင်ကြိုင်၊ ဦးလှမြင့်၊ ဦးမြင့်သိန်းနှင့် ဦးသန်းနိုင်တို့အပါအဝင် ပါတီဝင် ၇၁ဦးတို့သည် ဇူလိုင် ၁၇ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကန့်ကြီးထောင့်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအင်အားစုများအတွင်း ညီညွတ်ရေးကိုပစ်ပယ်၍ အာဏာရရှိရေးကိုသာ တောင်းဆိုနေကြောင်း၊ ထိုကဲ့သို့ နိုင်ငံနှင့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း ရှေးရှုလုပ်ဆောင်နေမှုများကို စိတ်ပျက်လာပြီး နိုင်ငံတော်အစိုးရ၏ လက်တွေ့ဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ကျေနပ်လက်ခံကာ ပူးပေါင်းဆောင်ရွက်လိုသောကြောင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဥပုသ်နေ့)**
**၂၉-၇-၂၀၀၇ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဟောကြားတော်မူအပ်သော "ဓမ္မစကြာတရားတော်"

၈း၁၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈း၃၀ ၆။ International News

၈း၄၀ ၇။ Island of Dhamma

၈း၅၀ ၈။ ဘဒ္ဒန္တ ကုမာရ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဥက္ကဋ္ဌဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မဟာဝိသုတာရာမတိုက်သစ် မကွေးမြို့ မကွေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၀ ၂။ တေးဂီတအစီအစဉ်

၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁း၅၀ ၄။ **ကံ ကံ၏အကျိုး** ကျော်သူ၊ ရီဝေယံ၊ မေသဉ္ဇာဦး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်နှင်းမိုး)

၁၂း၅၀ ၅။ စိုက်ပျိုးလို့သီးပွင့်ကာ အောင်မြင် ခြံစည်းရိုးကြက်ဆူပင် (အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ မုံရွာ)

၁၃း၀၅ ၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ဓမ္မစကြာတရားတော်

၁၃း၃၅ ၇။ ဓမ္မပူဇာတေးအစီအစဉ်

၁၃း၅၅ ၈။ အတီးပြိုင်ပွဲ

၁၄း၀၅ ၉။ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ ဓမ္မစကြာ ဝတ်ရွတ်အသင်း၏ ဓမ္မစကြာ ဒေသနာတော်(အမေးအဖြေ)

၁၄း၂၀ ၁၀။ **မီးမီးရဲ့ ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]

၁၄း၃၅ ၁၁။ ဘိုင်းဒါးရေလွှဲဆည်

၁၄း၄၅ ၁၂။ International News

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက-၁၁ဒဂုံ) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]

၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]

၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၁၇း၁၀ ၆။ ဝါဆိုလဘွဲ့တေးများ

၁၇း၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်

၁၈း၀၀ ၈။ ညနေခင်းသတင်း

၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ

၁၈း၃၅ ၁၀။ သီရိဂေဟာ

၁၉း၀၀ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ရိုးရာကျေးလက်လုပ်ငန်း မြစ်ခြေစောင်လုပ်ငန်း)

၁၉း၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၄၇)

၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း-၁၀)

၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်



## သမိုင်းဝင်ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် အမှတ်(၃၈) ၈/၃ ဦးဝိစာရလမ်း မဟာမြိုင်အိမ်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးအုန်းမောင်၊ သား ဦးအောင်ကြည် ဇနီး ဒေါ်ခင်မမမူ မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးအေးကို၊ ဦးအေးမြင့်တို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

**လှူဒါန်းနိုင်**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆုတောင်းပြည့်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း တောင်လုံးပြန်ရပ်ကွက် ဆုတောင်းပြည့်ကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသော ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနာနန္ဒနှင့် နာယကစာချစာသင် သံဃာတော်များအား အကျိုးတော်ဆောင် အဖွဲ့နှင့် ဒါယကာ ဒါယိကာမများက စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် အစိုးရပထမပြန်စာမေးပွဲကျောင်းတိုက် ဓမ္မာနုဂ္ဂဟစာမေးပွဲ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ဒုတိယဝါဆိုလပြည့်ကျော်၇ရက် (ဩဂုတ်၅ရက်) တနင်္ဂနွေနေ့ နံနက်၉နာရီတွင် ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

## ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးနှိုးဆော်

**ရန်ကုန် ဇူလိုင် ၂၈**

၁။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုနှင့်ထိန်းချုပ်နိုင်မှု။** ရန်ကုန်တိုင်းအတွင်း ၂၈-၂-၂၀၀၇ရက်မှ ၃၀-၃-၂၀၀၇ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော မြို့နယ်ငါးမြို့နယ်တွင် ရောဂါထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်၍ ၎င်းငါးမြို့နယ်အတွင်း ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု၊ ဈေးများအတွင်း ရောင်းချမှုကန့်သတ်ထားခြင်းများကို ၂၂-၄-၂၀၀၇ရက်မှစ၍ ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

၂။ **ရောဂါထိန်းချုပ်နိုင်ပြီးနောက် ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှုများဆက်လက်ဆောင်ရွက်မှု (Post Outbreak Surveillance)။** ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ရောဂါပိုအကြွင်းအကျန် လည်ပတ်နေမှု ရှိမရှိသိရှိနိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်နယ်၊ တိုင်းများရှိ ရောဂါအန္တရာယ် ကျရောက်နိုင်သည့် နေရာများတွင် ရောဂါရှာဖွေစူးစမ်းခြင်း၊ ရောဂါပျံ့နှံ့မှုအန္တရာယ်ကြိုတင် ကာကွယ်တားဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၃။ **စစ်ဆေးတွေ့ရှိချက်များ(Detection and Identification)။** ရောဂါရှာဖွေ စူးစမ်းလေ့လာမှုကာလအတွင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကြက်မွေးမြူရေးခြံများကို ရောဂါစစ်ဆေးခဲ့ရာ ၂၄-၇-၂၀၀၇ရက် သံဖြူဇရပ်မြို့ ကိုးနဝင်းရပ်ရှိ ဥစားကြက်မွေးမြူရေးခြံ (၁)နှင့် ကျုံကဒတ်ကျေးရွာရှိ အသားစားကြက်မွေးမြူရေးခြံ တစ်ခြံတို့တွင် ရောဂါလက္ခဏာအရ ထူးခြားစွာသေဆုံးမှုနှင့် အသေကောင်စစ်ဆေးချက်များအရသံသယဖြစ်ဖွယ် တွေ့ရှိသဖြင့် ဓာတ်ခွဲခန်းဆိုင်ရာ စစ်ဆေးမှုနည်းလမ်းအရ အဆင့်ဆင့်စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး $H_5N_1$ တွေ့ရှိသောကြောင့် ၎င်းကြက်ခြံနှစ်ခြံရှိ ကြက် ၃၁၂ကောင်အား ဖျက်ဆီးသုတ်သင်ခဲ့သည်။

၄။ **အရေးယူဆောင်ရွက်ချက်(Rapld Response)။** သံဖြူဇရပ်မြို့နယ်အတွင်း ကျန်မွေးမြူရေးကြက်ခြံ ၆၅ခြံမှ ကြက်ကောင်ရေ ၄၀၀၀၀ ကျော်စစ်ဆေးချက်အရ တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်ကြောင်း၊ ၎င်းကြက်ခြံများသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ဒေသခံမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ဒေသအာဏာပိုင် အဖွဲ့အစည်း၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့်ပေါင်းစပ်၍ ရောဂါထိန်းချုပ်ရေးအစီအမံများအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၅။ **သတိပေးနှိုးဆော်ချက်**

(က) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။ (လူအဝင်အထွက်ကန့်သတ်ခြင်း၊ ခွေး၊ ကြောင်နှင့်ငှက်ရိုင်းများ အလွယ်တကူမဝင်ရောက်နိုင်ရေး စီမံဆောင်ရွက်ခြင်း)

(ခ) အစာအိတ်၊ ကြက်သားပေါက်ထည့်ဘူးအသစ်များကိုအသုံးပြုရန်၊ ကြက်ခြင်း၊ ကြက်ဥသယ်ဗန်းစသည့် အသုံးအဆောင်ပစ္စည်းများကို သန့်စင်ပိုးသတ်ပြီးမှ ပြန်လည်အသုံးပြုရန်။

(ဂ) ကြက်ငှက်များ ပုံမှန်မဟုတ်သည့်နည်းဖြင့် သေဆုံးမှုတွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာသတင်းပို့ရန်။

(ဃ) ကြက်ငှက်အသေကောင်များ၊ ကြက်ငှက်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ရန်။

(င) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(စ) ရောဂါဖြစ်ပွားသည့်ကြက်ငှက်များနှင့် ယင်းကြက်ငှက်ထွက်ပစ္စည်းများကို ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်။

(ဆ) ရောဂါစူးစမ်းရှာဖွေခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။**

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီအမည် | နိုင်ငံ |
|---|---|---|---|
| ၁။ | Oxytetracycline Hydrochloride Injection 50ml (For veterinary use) | A.N.B Lab, Co., Ltd. | Thailand |
| ၂။ | Paracetamol Tablet 500mg | Asian Union Laboratory Co., Ltd. | Thailand |
| ၃။ | Ascorbic acid Tablet (Vitamin C 50mg) | A.N.H Products Ltd. Part | Thailand |
| ၄။ | Cyproheptadine Hydrochloride Tablet (Cyproheptadine HCL Anhydrous 4 mg) | New Life Pharma Co.,Ltd. | Thailand |
| ၅။ | Tiffy Syrup (N-Acetyl-Paminophenol 120 mg, Phenylephrine HCL 5mg Chlorpheniramine Maleate 1mg) / 5ml | Thai Nakorn Patana Co., Ltd. | Thailand |

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အောင်ဓမ္မာရုံ မိုးကုတ်ဝိပဿနာ တရားပွဲ

**ရန်ကုန် ဇူလိုင် ၂၈**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယခံတပည့် နိုင်ငံကျော် ဓမ္မကထိက သာသနဟိတရေ ရွှေတံဆိပ်ဆုရ ဆရာကြီး ဦးစောအောင်သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း (အထက်)၊ အောင်ဓမ္မာရုံကြီးတွင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးတရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ၁၃၆၉ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့)မှစ၍ အောက်တိုဘာ၂၁ရက်အထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ည၇နာရီမှ ၉နာရီအထိ ဝါတွင်းသုံးလပတ်လုံး ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို အောင် ဓမ္မာရုံကြီးသို့ ကြွရောက်၍ တရားဒေသနာ နာကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

## အများပြည်သူ သိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ သွားတိုက်ဆေးများတွင် လူအား ဥပဒ်ဖြစ်စေနိုင်သည့် ဒိုင်အက်သလင်းဂလိုင်ကောလ် (Diethylene Glycol)ဓာတ်များ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

| စဉ် | သွားတိုက်ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီအမည် |
|---|---|---|
| ၁။ | Nobege Toothpaste 15g | Paliry Everyday Use Co., Philippines Ltd. |
| ၂။ | White Men Toothpaste (Strawberry) | ဖော်ပြထားခြင်း မရှိပါ။ |
| ၃။ | Shanghai Toothpaste with Sodium Fluoride 60g | Shanghai White Cat Shareholding Co.,Ltd. |
| ၄။ | တံဆိပ်ပါရှိသော အစိမ်းရောင်ဘူး | ဖော်ပြထားခြင်းမရှိပါ။ |

၂။ အများပြည်သူများသည် ဒိုင်အက်သလင်းဂလိုင်ကောလ် (Diethylene Glycol) ဓာတ်ပါဝင်သော သွားတိုက်ဆေးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၈

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်းတို့အား အမှူးထား၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မိသားစုတို့၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ပျဉ်းမနား ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀ ပါးတို့ ကြွရောက်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။**

ရှေးဦးစွာ နေပြည်တော် ပျဉ်းမနား ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရထံမှ ပရိတ်တော်တို့ကပ်၊ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသောပရိတ်တရားတော်များကို နာယူကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** နေပြည်တော် ပျဉ်းမနားဈေးကုန်းကျောင်းတိုက်ပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

## လှည့်လည်ကြည့်ရှု

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည်တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၄ ရက်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ အော်တိုအိတ်ချိန်းစခန်းသို့ရောက်ရှိရာ အော်တိုအိတ်ချိန်းတာဝန်ခံများက စက်များတပ်ဆင်ထားရှိမှု အခြေအနေ၊ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် ဝန်ထမ်းဆိုင်ရာ အခြေအနေများကိုတင်ပြကြပြီး ဝန်ကြီးက အော်တိုအိတ်ချိန်းအတွင်း တပ်ဆင်ထားသော စက်များအခြေအနေ၊ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စက်များကို စနစ်တကျ ကိုင်တွယ် ထိန်းသိမ်းရန် မှာကြားသည်။

## ကျောက်ဆည်အော်တိုအိတ်ချိန်း

ထို့မှတစ်ဆင့်ဝန်ကြီးသည်ကျောက်ဆည်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာများက ကျောက်ဆည်မြို့တွင်း လိုင်းများတိုးချဲ့တပ်ဆင်ပြီးစီးမှု အခြေအနေ၊ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဆက်သွယ်ရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန် မှာကြား၍ အော်တိုအိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက်ဝန်ကြီးသည်မိတ္ထီလာမြို့ မိတ္ထီလာစက်မှုဇုန်အတွင်း တည်ဆောက်လျက်ရှိသော GSMတယ်လီဖုန်းတာဝါ တည်ဆောက်မည့်နေရာနှင့် GSM တယ်လီဖုန်းစနစ်တပ်ဆင်မည့် အဆောက်အအုံများသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ လုပ်ငန်းတာဝန်ခံများက လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ လုပ်ငန်းများပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြပြီး လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် စနစ်များကို အရည်အသွေးမီစွာ တပ်ဆင်သုံးစွဲရန် မှာကြားသည်။ **(သတင်းစဉ်)**

# စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁၆) ထွက်ပြီ


စိမ်းလဲ့ရွှေပြည်
The Greenery Golden Land Journal (Biweekly)
သတင်းဂျာနယ်

**ရန်ကုန် ဇူလိုင် ၂၈**

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ်တွင် မကြာခင်ကာလအတွင်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းမည်၊ ပင်လယ်ကူးသင်္ဘောသား အသင်းဝင်ကတ်များ ထုတ်ယူနိုင်၊ ဆေးဝါးနှင့်ပတ်သက်ပြီး လူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းရရှိရန် သင်တန်းဖွင့်လှစ်၊ ၁၀၅ မိုင် အအေးခန်းသိုလှောင်ရုံ၌ ငါးအသား၏ အပူချိန်ကို လေဆာနည်းဖြင့် တိုင်းတာသိုလှောင်ပေး၊ သင်္ဘောသားများ၏ နစ်နာကြေးအပြည့်အဝရရှိရန် MOSA မှ ဆောင်ရွက်ပေးနေ၊ ပြည်တွင်းစားသုံးမှု လုံလောက်စေပြီး ပြည်ပသို့သာ တင်ပို့ရောင်းချသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်၊ ၂၀၀၇–၂၀၀၈ခုနှစ်တွင် ဆန်စပါးဧက ၂၀ ဒသမ ၃ သန်း စိုက်ပျိုးရန်ရှိ အစရှိသည့် ပြည်တွင်းသတင်းများအပြင် အသစ်ပြန်လည်ဖွဲ့စည်းပေးလိုက်တဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့သစ်၊ သဘာဝဘေးရန်ဆိုး ရေ–ရေ–ရေနှင့် အပျင်းခြောက်ပါး ရှောင်လို့ရှားအစရှိသည့် ရသစုံ ဆောင်းပါးများ၊ နွားတစ်ရှဉ်းမှ တစ်နှစ်နွားချေးခြောက်တန်ခန့်ရနိုင်၊ ခြစည်းရိုးကြက်ဆူမှ စက်သုံးဆီထုတ်ယူခြင်း၊ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ဒီရေတောပိုင်ဆိုင်မှု ဒုတိယအများဆုံးဖြစ်၊ အစေ့ထုတ်ပြောင်း တစ်ဧက တင်း ၈၀ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေး အထောက်အကူပြု ဆောင်းပါးများနှင့် နိုင်ငံတကာသတင်းများ စုံစုံလင်လင် ဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်(သိမ်ဖြူလမ်း)စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ် ၂၂၈ သိမ်ဖြူလမ်း ရန်ကုန် ဖုန်း–၃၈၂၀၇၀သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂွမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၂၈**

ဂွမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဩဂုတ် ၁၂ ရက်(တနင်္ဂနွေနေ့)၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင်ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးချစ်မောင် ဖုန်း–၀၉–၅၀–၁၄၂၈၃၊ ဦးထွန်းအုံ ဖုန်း–၅၄၀၅၁၄၊ ဦးညွန့်ရင် ဖုန်း–၅၉၀၃၀၅၊ ဦးချစ်သိန်း ဖုန်း–၅၀၄၇၆၅၊ ဒေါ်ခင်မူ ဖုန်း–၅၂၆၁၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြာအင်းဆိပ်ကြီး ပြန်/ဆက် ဦးစီး စာဖတ်ပွဲ

ကြာအင်းဆိပ်ကြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ပွဲ အခမ်းအနားကိုဇူလိုင်၁ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာချစ်နိုင် (စိတ်ပညာ) ရေးသားသည့် လောကဇာတ်ခုံပေါ်မှာ စာအုပ်မှ ဆောင်းပါးကို စာထောက်–၃ ဒေါ်နှင်းနွယ်ဝင်းက လည်းကောင်း၊ ချစ်လို့ပြောတာ မှတ်ပါ(၂) စာအုပ်မှ အလုပ်ကောင်းလျှင် ကံကောင်းမည် ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်မြင့်သိင်္ဂီထွန်းကလည်းကောင်း၊ ခေါင်းဆောင်မှုပညာ သိကောင်းစရာ စာအုပ်မှ ခေါင်းဆောင်ရင်ဆိုင်ရမည့် အရာများ ဆောင်းပါးကို ရုပ်/သံ ကျွမ်းကျင်(၃)ဦးမောင်ညွန့်က လည်းကောင်း၊ ဇွန်၁၉ ရက်ထုတ် မြန်မာ့အလင်း သတင်းစာမှ ဒေါ်ဝေဝေမွန် ရေးသားသည့် ဤသို့ဖြစ်သင့် မဖြစ်သင့် ဆောင်းပါးကို လုပ်သား ရုပ်/သံ ဒေါ်ဖြိုးသူသူခိုင်က လည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။ (ခရိုင်ပြန်/ဆက်)

# ကိုးထပ်ကြီး နဝင်္ဂအလှူတော် ကျင်းပမည်

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသက္ကျ ကိုးထပ်ကြီးဘုရားတွင် နဝဂုဏ ဗုဒ္ဓမာမကသာသနာပြု ပါမီရှင်များ၏ (၂၅)ကြိမ်မြောက် ဝါတွင်း အဓိဋ္ဌာန်ဖွင့်ပွဲ၊ ငွေရတုပဏာမ နဝင်္ဂအလှူတော်ကို ဒုတိယဝါဆိုလပြည့်နေ့တွင် ကျင်းပမည်ဖြစ်သည်။ နံနက် ၄း၀၅ နာရီတွင် ဘုရားကြီးအား သာသနာ့ပွဲ၊ အောင်အိုး၊ ဝါဆိုဆွမ်းတော်ကြီး၊ ဝါဆိုဖယောင်းတိုင်၊ ဝါဆိုပန်းတို့ဖြင့် ဆက်ကပ်မည်ဖြစ်ပြီး လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာအစီအစဉ်ဖြင့် ရွတ်ဆိုပူဇော်ကြမည်ဖြစ်သည်။ မွန်းလွဲ ၁နာရီခွဲတွင် ဘုရားရင်ပြင် သန္တိသုခဓမ္မာရုံတော်ကြီး၌ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဗားကရာတိုက်သံဃာတော်အပါး၅၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်

မကွေးခရိုင် ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရေနံချောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက် ၁၄ ခုသို့ ကွင်းဆင်း၍ ဇွန် ၂၄ ရက်က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၉၇)**

**မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ**

# ရေရရှိရေး လက်နှိပ်တုံကင်ပြုပြင်

**စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် တူးဖော်ဆောင်ရွက်ပေးခဲ့သော ပင်လယ်ကြီးကျေးရွာ လက်နှိပ်တုံကင်ရေတွင်းကို ဇူလိုင် ၇ရက်က ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် တွင်းစစ်ဆေးခြင်း၊ တုံကင်ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းလှအောင်တို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

# ညောင်တုန်း ပြန်/ဆက်ဦးစီး စာဖတ်ဝိုင်းကျင်းပ

ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏စာဖတ်ဝိုင်းကို ဇူလိုင် ၁၈ရက်ကကျင်းပရာ ဦးစီးမှူး ဒေါ်ကြည်ကြည်အေးက စာဖတ်ဝိုင်းများ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ၂၀၀၇ခုနှစ် မတ်လထုတ် အမှတ်၉၅ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှ ချစ်နိုင်(စိတ်ပညာ)၏ ရာထူးတိုးတက်ရေးဆောင်းပါးကို ဝန်ထမ်းများက ဖတ်ကြားဆွေးနွေးကြသည်။ စာဖတ်ဝိုင်းများကို ကျေးရွာများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# စာကြည့်တိုက်များဖွံ့ဖြိုးရေး ဒိုက်ဦးတွင်ဆွေးနွေး

ဒိုက်ဦးမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတောရယ်၊ စာကြည့်တိုက် ကော်မတီနာယက ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)တို့က အမှာစကားပြောကြားကြပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပင်လည်ဘူးစည်ပင် စက်ရေတွင်းတူးဖော်

ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၁၃)ကြိမ်မြောက် အလှူရှင်များ၏ နှစ်လက်မ စက်ရေတွင်း တူးဖော်မှုကို ဇူလိုင် ၁၅ ရက်က အမှုဆောင် အရာရှိ ဦးသိန်းဆွေမြင့် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

# ကျောက်တံခါးစည်ပင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇူလိုင် ၅ ရက်က ကျောက်တံခါးမြို့တွင် လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် မြောင်းဖော်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

# နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲ နှင့်ဟောပြောပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်များအတွင်းရှိ အထကကျောင်းများတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ၊ စာအုပ်လှူဒါန်းပွဲများသို့ သွားရောက်၍ ကျောင်းသူကျောင်းသားများနှင့်တွေ့ဆုံကာ မိမိကိုယ်ကိုယုံကြည်မှုမြှင့်တင်ရေး၊ ရည်မှန်းချက်ထားရှိရေး၊ စာပေလေ့လာဖတ်ကြားရေးစသည်တို့ကိုဟောပြောအားပေးသည်။ ယင်းနောက် ဇူလိုင်၁၁ရက်က ဒဂုံမြို့နယ် အထက(၁)တွင် လည်းကောင်း၊ ဇူလိုင် ၁၇ရက်က လသာအထက(၂)တွင် လည်းကောင်း၊ ဇူလိုင်၂၀ရက်က ဗဟန်းမြို့နယ် အထက(၁) မိုးဦးပန်းခန်းမတွင်လည်းကောင်း တွေ့ဆုံဟောပြော အားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

29-7 (05) 1 7/29/07, 2:32 AM

❐ ကျောဖုံးမှ

## စနစ်တကျဆောင်ရွက်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားစက်ခေါင်းများ လမ်းခရီး၌ ချို့ယွင်းမှု မရှိစေရေးနှင့် စက်ခေါင်းများပြေးဆွဲရန် စီမံလျာထားမှုများမှန်ကန်စေရေး၊ ရထားစက်ခေါင်းများ ရေရှည်အသုံးပြုနိုင်ရန် စက်များကောင်းမွန်အောင် အမြန်ဆုံး စနစ်တကျ ကြိုးစားပြုပြင်ရန်နှင့် စက်ခေါင်းတစ်ခေါင်းအမြန်ဆုံး ပြင်ဆင်ပြီးစီးပါက ခရီးသည်နှင့် ကုန်စည်များလျင်မြန်စွာ ပိုမိုသယ်ယူပို့ဆောင်နိုင်မှာဖြစ်သည့်အတွက် ကုန်ဈေးနှုန်းကျဆင်းရေးကိုများစွာ အထောက်အကူပြုမှာဖြစ်ကြောင်းနှင့် စက်သုံးဆီများ အလေအလွင့် မရှိအောင် စနစ်တကျ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ အောက်ခြေအဆင့်ထိ သိရှိအောင်နေ့စဉ်မှာကြားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း)အတွင်းရှိ စက်ခေါင်းများပြုပြင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စက်ခေါင်းလှည့် Turn Table အဝိုင်း လှည့်လည်မှုစနစ်နှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

## အထူးဂရုပြု

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် လိုက်ပါလျက် စက်ဆန်းကုန်ရုံဝင်းအတွင်းသို့ရောက်ရှိရာ တိုင်းအမှတ်(၇) လက်ထောက် အထွေထွေမန်နေဂျာ (မြို့ပြ) ဦးဌေးအောင်က မလွှကုန်း-စက်ဆန်း ကုန်ရုံ တည်ဆောက်ထားရှိမှုအခြေအနေနှင့် ကုန်ရုံကားပတ်လမ်း ကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကုန်ရုံအတွင်း ကားများ လွယ်ကူစွာဝင်ရောက်၍ ကုန်တင်ကုန်ချ ပြုလုပ်နိုင်ရန်၊ ကုန်ရုံကားပတ်လမ်းကို ကောင်းမွန်ချောမွေ့စွာနှင့် အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်ရန်၊ ကုန်ရုံပတ်ဝန်းကျင်တွင်း သန့်ရှင်းသပ်ရပ်ရေးအတွက် သန့်ရှင်းရေးအား အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

## ကြံ့ခိုင်မှု

ဆက်လက်၍ မြန်မာ့မီးရထား ကုန်စည်ဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ သူရဦးအောင်မျိုးမြင့်က ကုန်ရထားများပြေးဆွဲမှု အခြေအနေနှင့် ဝင်ငွေရရှိမှုများကို တင်ပြရာ ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ဆန်း ကုန်ရုံဝင်းအတွင်း ကုန်ပစ္စည်းများ စုဆောင်းရောက်ရှိမှု အခြေအနေ၊ ရထားတွဲဆိုင်း ဖွဲ့စည်းမှု၊ ကုန်ပစ္စည်းများ တင်ချပြုလုပ်နေမှုနှင့် ကုန်တွဲများ ကြံ့ခိုင်မှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကုန်ပစ္စည်းတင်ပို့သူပစ္စည်းပိုင်ရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂) U.9 ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးပေါ်ရှိ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်ကြီး တည်ဆောက်ရန်အတွက် မန္တလေးမြို့ ၆၂ လမ်းနေ ရဟန်းဒါယကာ ဦးကျော်ဝင်း-ဒေါ်စုစုမာ မိသားစုတို့က အလှူတော်ငွေကျပ် ၁၀သိန်းကို ကိုးဘွဲ့ရ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)





# Fuji Xerox ဘက်စုံသုံး မိတ္တူကူးစက် ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့်အထူးဈေးရောင်းပွဲ

**ရန်ကုန် ဇူလိုင် ၂၈**

Fuji Xerox Asia Pacific Pte. Ltd.နှင့် Concordia International Co., Ltd.တို့ ပူးပေါင်းစီစဉ်မှုဖြင့် နောက်ဆုံးပေါ် ဘက်စုံသုံး မိတ္တူကူးစက် ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲနှင့် မိုးရာသီ အထူးဈေးရောင်းပွဲကို ဇူလိုင် ၂၆ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ(အောက် ပုံ) ရှေးဦးစွာ Concor-dia Inernational Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာဒေါက်တာသန်းဝင်းက အမှာစကား ပြောကြားသည်။

## ရှင်းလင်းပြသ

ထို့နောက် Fuji Xerox Asia Pacific Pte, Ltd. မှ President Mr. Masashi Honda က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Mr. Terry Teh က မြန်မာပြည်နှင့် အသင့် တော်ဆုံး နောက်ဆုံးပေါ် ခေတ်မီ အဆင့်မြင့် ဘက်စုံသုံး ဒီဂျစ်တယ်မိတ္တူ ကူးစက်ဖြစ်သော Docu Centre II C3000 နှင့် စပ်လျဉ်းသည့် Multimedia Presentation ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

## အရည်အသွေး

ယခု အသစ်တင်သွင်းသော Docu Centre-IIC 3000 သည် ကာလာပုံ၊ စာသားများကို အရည်အသွေးကောင်းမွန်၍ လျင်မြန်စွာ ထုတ်ယူနိုင်သည့် အပြင် Fuji Xerox မှ ထိပ်တန်းနည်း ပညာဖြစ်သော EA (Emulation Aggregation) Toner နည်းပညာ ဖြစ်သောကြောင့် ပုံထွက်အရည်အသွေးမှာ ကောင်းမွန်သည်။

## မေးမြန်းနိုင်

ယင်းစက်များကို အသုံးပြုကြသူများ စိတ်ကျေနပ်မှု ရရှိစေရန် ထိရောက်မြန်ဆန်သော ထောက်ပံ့မှုများနှင့် After Sales Service များပေးရန် စီစဉ်ဆောင်ရွက်ထားရာ ဝယ်ယူအသုံးပြုထားသော Customer များ အဆင်ပြေစေရန် Services Centre ထားရှိပေးထားသည်။ ရန်ကုန်ရုံး-၅ထပ် ရွှေဂုံပလာဇာ(ရွှေဂုံတိုင်မီးပွိုင့်) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၃၈၆၊ မန္တလေးရုံး အမှတ်(၅)မြေညီထပ် (SY)တိုက်တန်း လမ်း ၃၀၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၂-၈၉၅၇၁၊ ၃၆၄၇၈၊ ၈၉၆၂၅၊ အမှတ် (၃-၁၁) ဗိုလ်ချုပ်လမ်း မင်္ဂလာရပ် နေပြည်တော် ပျဉ်းမနား ဖုန်း-၀၆၇-၂၁၆၇၅ Concordia Int'l Ltd. ဖုန်း-၀၉-၈၀-၃၁၃၇၃၊ ၅၄၄၈၂၈၊ ၅၅၈၃၈၆ တို့သို့ ဆက်သွယ် မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**



# စနစ်တကျဆေးဝါးသောက်သုံးနည်းဆွေးနွေး ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ပြည်သူများ ကျန်းမာရေးအသိပညာနှင့် ဗဟုသုတ တိုးပွားစေရန် အထောက်အကူတစ်ရပ် အနေဖြင့် Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်၏ အထူး အစီအစဉ်အဖြစ် ကျန်းမာရေးပညာပေးဟောပြောပွဲ (၄/၂၀၀၇) ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ International Health & Beauty Centre အပေါ်ဆုံးထပ်၌ ယနေ့မွန်းလွဲ ၁နာရီက ကျင်းပသည်။

## ဟောပြော

အဆိုပါဟောပြောပွဲသို့ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ လေ့လာသူများနှင့် မီဒီယာသမားများ တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးအသိပညာပေး အနေဖြင့် ဆေးတက္ကသိုလ်(၂)ဒုတိယ ပါမောက္ခချုပ် ပါမောက္ခ ဦးအောင်ကြီး[စာရေးဆရာအောင်(ဆေး-၁)] ကစနစ်တကျ ဆေးဝါးသောက်သုံးနည်းများ ခေါင်းစဉ်ဖြင့် စိတ်ဝင်စားဖွယ်ရာ ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

## ဆိုးကျိုး

**လူအများစု အလွယ်တကူ ဝယ်ယူသောက်သုံးနေသည့် ဆေးဝါးများသည် အတိုင်းအဆ တိတိကျကျ မရှိမှု၊အရည်အသွေးမပြည့်ဝမှုနှင့် ရောဂါနှင့် သက်ဆိုင်မှုအပြည့်အဝကိုက်ညီခြင်း မရှိမှုများကြောင့် ဆိုးကျိုးများ ဖြစ်ပေါ်တတ်သည်ကို** ပထမဦးစွာ ပါမောက္ခ ဦးအောင်ကြီးက ပြောကြားသည်။

**ထို့အပြင်ဆေးဝါးများ သောက်သုံးရာတွင် လိုအပ်သည်ထက် ပိုမိုသောက်သုံးလျှင် အန္တရာယ်ရှိသလို သတ်မှတ်ချက်ပြည့်အောင် မသောက်သုံးလျှင်လည်း ဆိုးကျိုးဖြစ်စေတတ်ကြောင်း ရှင်းပြသည်။ ရောဂါဖြစ်ပွားလျှင် ဆရာဝန်နှင့် ကုသမှုခံယူကာ ညွှန်ကြားချက်အတိုင်း တိတိကျကျ လိုက်နာသောက်သုံးကြရန် လိုကြောင်း အကြံပြုဆွေးနွေးသည်။**

## ကွဲပြား

**ဆေးများသည် လူနာတစ်ဦးနှင့် တစ်ဦးသောက်သုံးရသည့် ပမာဏမတူညီကြောင်း၊ ရောဂါအမျိုးအမည်ချင်းတူသော်လည်း လူနာ၏ အနေအထား ကိုယ်ခံစွမ်းအားတို့ မတူညီသဖြင့် ဆေးပေးမှုလည်း ကွဲပြားကြောင်း၊ ထို့ကြောင့် ဆရာဝန်များ၏ ညွှန်ကြားမှုဖြင့်သာ ဆေးဝါးများ သောက်သင့်ကြောင်း**လည်း ပါမောက္ခဦးအောင်ကြီးက အကြံပြုသွားသည်။

## အန္တရာယ်

ဆက်လက်၍**ပါရာစီတမော့ ဆေးပြားများသည် သာမန်ထက် ပိုမိုသောက်သုံးလျှင် အသည်းနှင့် ကျောက်ကပ်တို့ကို ထိခိုက်စေကြောင်း၊ အက်စပရင် ဆေးပြားများသည်လည်း ပိုမိုသောက်မိလျှင် သွေးကြောများ ပေါက်တတ်ပြီး အလွန်အန္တရာယ်များကြောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကိုယ်ဝန်နုစဉ် ကာလအတွင်း မည့်သည့်ဆေးဝါးမျှ မသောက်လျှင် အကောင်းဆုံးဖြစ်ကြောင်း၊ ပိန်ဆေး ဝဆေးဟု အလွယ်ခေါ်နေသော ဆေးများမှာ ကျောက်ကပ်ကို ဒုက္ခပေးတတ်သဖြင့် မသောက်သင့်ကြောင်း၊ သန်ချဆေးများ သည်ပင် သတ်မှတ်သည့် ပမာဏထက် ပိုမိုသောက်လျှင် ကလေးငယ်များ အူပိတ်ပြီး ဒုက္ခရောက်တတ်ကြောင်း** စသည့် အချက်များကို ပါမောက္ခ ဦးအောင်ကြီးက ရှင်းပြခဲ့သည်။

ထို့နောက်တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပါမောက္ခ ဦးအောင်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ။ **(မြန်မာ့အလင်း)**

**သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)**



# မြန်မာ့အာမခံလုပ်ငန်း ဝါဆိုသင်္ကန်းကပ်လှူ

**ရန်ကုန် ဇူလိုင် ၂၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)အဆောက်အအုံ၌ ကျင်းပသည်။

## ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ကျောင်းတိုက်မှ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ အရာထမ်း၊ဝန်ထမ်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် သံဃာတော်များအား ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းလွင်နှင့်ဇနီး၊ဌာန ဆိုင်ရာ အကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆရာတော်က သာဓုအနုမောဒနာတရားတော်နှင့် ရေစက်ချ တရားတို့ကို ချီးမြှင့်၍လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၇ ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

(၂၉-၇-၂၀၀၇)ရက်နေ့

**၂၀၀၇ခုနှစ် ဩဂုတ်လအတွက်**

(၁၂-၈-၂၀၀၇)ရက်နေ့ နှင့် (၂၆-၈-၂၀၀၇)ရက်နေ့

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၇-၂၀၀၇ (တနင်္ဂနွေနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ "ဓမ္မစကြာ၊ စကြာရတနာ" တရားတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)
၈:၀၀ Sunday Talk (မျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ သာသနာ့အာဇာနည်များပေါ်ထွန်းစေမည့် ဓမ္မရက္ခိတဂုဏ်ရည်
၉:၃၀ ပြည်တွင်းသတင်းအကျဉ်း
၉:၄၀ ဝါဆိုလနှင့် ဝါဆိုသင်္ကန်း
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၁၀ နေ့စဉ်မပျက်ဒါနဖက် ၃၆၅ရက်
၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀ နိုင်ငံတကာအနုပညာရေးရာ
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ မိုးလေဝသခန့်မှန်းချက်
၁၁:၁၀ ပြည်သူ့အတွက် ကျန်းမာရေး ခါးနာရောဂါ အကြောင်းမေးမြန်းခန်း (ပါမောက္ခ ဒေါက်တာချစ်စိုး)
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ ထူးမြတ်တင့်ဆန်း ကြာသင်္ကန်း
၁၁:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၀ ထူးမြတ်သာသနာ သဲအင်းဝိပဿနာ
၁၂:၁၀ တေးဂီတအစီအစဉ်
၁၂:၁၅ Movie Mistakes (TERMINATOR-3)
၁၂:၃၀ နိုင်ငံတကာ သတင်းအကျဉ်း
၁၂:၃၅ ဖူးကြတူပျော် တာဝတိံသာ တက်ပွဲတော်
၁၂:၅၀ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊ နံနက်၁နာရီမှ နံနက်၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက်၂၄နာရီ အချိန်ပြည့်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ**

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ည ၇:၀၅ | ဆော်ဒီအာရေဗျ-အီရတ်(Final) | MRTV-4 (Live) |

29-7 (06) 1 7/29/07, 2:32 AM

# ရှာင်မြို့နယ် မြို့ကြီးရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဗိုလ်ချုပ်ငွေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင်၂၂ရက် မွန်းလွဲ၂နာရီခွဲက ရမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ်ရှိ မြို့ကြီးကျေးရွာအနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက စီမံကိန်းတွင် အဓိကဆောင်ရွက်လျက်ရှိသော ပင်မတမံတည်ဆောက်မှု၊ ရေလွှဲဥမင်လိုဏ်နှင့် ရေအားလျှပ်စစ် ၁၅ မဂ္ဂါဝပ် x ၂လုံးထုတ်လုပ်ပေးနိုင်ရန် ရေအားလျှပ်စစ်ဥမင်လိုဏ် တည်ဆောက်နေမှုလုပ်ငန်းများကို မှတ်တမ်းတင် ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။





**ဆွေးနွေးမှာကြား**

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး၊ လေလွင့် ဆုံးရှုံးမှုများ မရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရှုရပ်မှ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပင်မတမံမြေဖို့နေမှု၊ တမံအမြင့် ၂၄ပေ ပြီးစီးမှု အပိုင်းတွင် တမံ ဆင်ခြေလျှော ကျောက်စီမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘေးနံရံကွန်ကရစ်လောင်းမှု၊ စက်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကြကာ ရေလွှဲဥမင်၌ အတွင်းပိုင်း ကွန်ကရစ်လိုင်နင် ပေ ၅၁၀ အချောသပ် ပြီးစီးမှု၊ ကျန်ရှိသည့်အပိုင်း၌ ဘေးနံရံ ကွန်ကရစ်လောင်းထားမှုနှင့် ရေလွှဲဥမင် အထွက်ပိုင်းတို့ကို စစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ရေအားလျှပ်စစ်ဥမင်တူးဖော်မှုတွင် အထွက်ပိုင်း၌ ၅၃၅ ပေတူးဖော်ပြီးစီးမှုနှင့် အဝင်ပိုင်း၌ ၁၇၄ ပေ တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေအားလျှပ်စစ်ဥမင်လိုဏ်သည် အရှည် ၁၆၉၈ ပေရှိပြီး ရေလွှဲဥမင်သည် အရှည် ၁၅၇၅ ပေ ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၈**

ဗုဒ္ဓပူဇနိယဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ အဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများအား နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၂ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၏ တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ တိလောကာဘိဝံသ**(အပေါ်ပုံ)**ထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး သြဝါဒါစရိယ ဆရာတော်ကြီးများက သြဝါဒကထာ မြွက်ကြားတော်မူကာ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ ဖြူစင်မေတ္တာ ဆေးတိုက်ပိုင်ရှင် သမားတော်ကြီး မိုးကုတ်ဦးကျော်စိန် ဇနီးဒေါ်နန်းခမ်းဆာ၊ အင်းစိန် အထက(၂) ကျောင်းအုပ်ဆရာကြီးဦးလှချောနှင့် ဆရာ ဆရာမများ၊ ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ဆရာတော်ကြီး ကိုးပါးတို့အား ဝါဆိုသင်္ကန်း၊ အလှူငွေနှင့် ဖြူစင်မေတ္တာတိုင်းရင်းဆေးဝါးများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝ၄၆)**

# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ မုဒုံ၌ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၈**

မုဒုံမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၄ ရက်က မုဒုံမြို့နယ် ကလော့သော့ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း၌ ကျင်းပရာ မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ငွေးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အသိပညာပေးရှင်းလင်းပြီး**(အပေါ်ပုံ)** ကျေးရွာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ဖုံး၊ သွန်၊ လဲ၊ စစ် ရေသွန်ရေမှောက် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဆေးဖျန်းစက်ဖြင့် ခြင်ဆေးမှုန့်များပက်ဖျန်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပြီး ကလော့သော့၊ ကော့ခပုံ၊ ကော့ပရံ၊ နီးပဒေါ၊ တံခွန်တိုင်နှင့် ကမာဝက် ကျေးရွာများ၌လည်း ဖုံး၊ သွန်၊ လဲ၊ စစ်ရေသွန်ရေမှောက် လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

**ကွင်းဆင်းကြီးကြပ်**

မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇွန်လတွင် စီမံချက်ချမှတ်ပြီး မုဒုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအသီးသီးသို့ ဇွန် ၂၉ ရက်မှစတင်ကာ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မော်လမြိုင်မြို့ အမျိုးသမီးစောင့်ရှောက်ရေးရိပ်သာ အဝတ်အထည်၊ စာရေးကိရိယာနှင့် အာဟာရပစ္စည်းထောက်ပံ့

**ရန်ကုန် ဇူလိုင် ၂၈**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မော်လမြိုင်မြို့ အမျိုးသမီးစောင့်ရှောက်ရေး ရိပ်သာသို့ အဝတ်အထည်၊ စာရေးကိရိယာနှင့် အာဟာရပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်ကအဆိုပါရိပ်သာ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ပြည်နယ်၊ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဧည့်သည်များ၊ အမျိုးသမီးစောင့်ရှောက်ရေး ရိပ်သာမှ ကျောင်းသူလေးများနှင့် အမျိုးသမီးငယ် ၃၁ ဦးတို့ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနဦးစီးမှူး ဦးကိုကိုနိုင်က အမျိုးသမီးစောင့်ရှောက်ရေး ရိပ်သာစတင်တည်ထောင်ခဲ့ပုံနှင့် ရိပ်သာ၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက **(အပေါ်ပုံ)** အဝတ်အထည်များနှင့် စာရေးကိရိယာများ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများကို ရိပ်သာတာဝန်ခံနှင့် အမျိုးသမီးငယ်လေးများအား ပေးအပ်လှူဒါန်းသည်။




ဆက်လက်၍ အလှူရှင်များက ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ညနေစာဖြင့် လှူဒါန်းပြီး အလှူငွေနှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ်သုံးသိန်းကျော် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဆေး ပန်းချီကားများ ပြသမည်

**ရန်ကုန် ဇူလိုင် ၂၈**

ဇူလိုင် ၂၈ရက်မှ သြဂုတ် ၁ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ပြသမည့် ပန်းချီသိန်းမြင့်သိန်း၏ တစ်ကိုယ်တော် အထူးဖန်တီးထားသည့် ရေဆေးပန်းချီပြပွဲအတွက် ပြပွဲခွင့်ပြုချက် လက်မှတ်ကို ဇူလိုင် ၂၆ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့်အဖွဲ့က ပြပွဲတာဝန်ခံ ပန်းချီသိန်းမြင့်သိန်းအား **(ယာပုံ)** ပေးအပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**



# တကယ်တည်ငြိမ်အေးချမ်းစေချင်ပါသလား (၃)

**ခိုးမြကျော်**

**ဒုက္ခသည်အမည်ခံပြီးရှိနေတာတွေက KNU နဲ့ သူ့ရဲ့ ဇနီး သားသမီး ဆွေမျိုးအမာခံတွေဖြစ်တဲ့အတွက် ဒီလို ဥပဒေပြင်ဆင်ပြီး ခေါ်သွားရင် KNU နဲ့ သူ့အမာခံတွေပဲ ပါသွားမှာလေ။** ပြောစရာရှိတာကတော့ အမေရိကန်က ဒုက္ခသည်အမည်ခံတွေ ခေါ်ဖို့လုပ်တယ်ဆိုတဲ့ အဲဒီဥပဒေပြင်ဆင်ချက်ကလဲ မြန်မာနဲ့အိမ်နီးချင်း တစ်ဖက်နိုင်ငံနယ်စပ်မှာရှိတဲ့ ဒုက္ခသည်တွေအတွက်ပဲ အကျုံးဝင်ပြန်သတဲ့ကွယ်။ ကမ္ဘာရဲ့ အခြားနေရာတွေမှာရှိနေတဲ့ ဒုက္ခသည်အားလုံးနဲ့ လုံးဝအကျုံးမဝင်ဘူးဆိုပဲ။ ဒီတော့ သူ့ထုတ်ပြန်ချက်ကိုက မရှင်းမရှင်းကြီးနဲ့ တွေးစရာတွေ ရှိမနေပေဘူးလား။

**ကြီးကြီးမြ** – ဒုက္ခသည်ချင်း အတူတူတောင် တစ်ကမ္ဘာလုံးက ဒုက္ခသည်တွေထက် ကရင်ဒုက္ခသည်တွေကိုပဲ အထူးအခွင့်အရေး ပေးတာဆိုတော့ ရိုးမှရိုးပါ့မလား ကိုစိုးရယ်။

**ဘကြီးစိုး** – ဘယ်ရိုးပါ့မလဲ မြရယ်။ ဒါကို မြရော မောင်ကျော်ပါ ရှင်းအောင်ပြောရရင် Bay of Pigs Invasion (ဝက်ပင်လယ်အော် ကျူးကျော်မှု)ဆိုတဲ့ ဖြစ်စဉ်လေးကိုပဲ ဥပမာပေးရတော့မှာပေါ့။ လက်ရှိ ကျူးဘားသမ္မတ ဖီဒယ်ကတ်စထရိုနဲ့ တော်လှန်ရေးတပ်ဖွဲ့တွေဟာ ၁၉၅၉ မှာ ကျူးဘားအစိုးရကို တိုက်ခိုက်အောင်နိုင်ခဲ့တယ်လေ။ ရှုံးနိမ့်သွားတဲ့ ဘာတစ္စတာအစိုးရဟာ နောက်လိုက်နောက်ပါ ကျူးဘားနိုင်ငံသားတချို့နဲ့အတူ ကျူးဘားကနေ ထွက်ပြေးရတာပေါ့။ ဒီလိုထွက်ပြေးလာတဲ့ ကျူးဘားပြည်ပြေးအုပ်စုကို အမေရိကန်က စုစည်းလက်ခံပေးတယ်၊ နေရာထိုင်ခင်းပေးတယ်၊ အစားအသောက်ကျွေးတယ်၊ ဒါတင်လားဆိုတော့ မဟုတ်ဘူး။ စစ်သင်တန်းတွေပေးပြီး လက်နက်ပါ တပ်ဆင်ပေးသေးတယ်။ နောက်ဆုံးကျတော့ ၁၉၆၁ ခုနှစ်မှာ ကျူးဘားနိုင်ငံရဲ့ တောင်ဘက်ဝက်ပင်လယ်အော် (Bay of Pigs) ကနေ တစ်ဆင့် ကတ်စထရိုကို ပြန်တိုက်ခိုင်းခဲ့တယ်။ ဒါပေမယ့်လဲ ကတ်စထရိုရဲ့ ကျူးဘားတပ်ဖွဲ့တွေက ဒီလိုကျူးကျော်လာတဲ့ ပြည်ပြေးတွေကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တာကြောင့် အဲဒီပြည်ပြေးအုပ်စုဟာ ဘယ်တော့မှ နာလန်ပြန်မထူနိုင်တော့ဘူး။ ဒါဟာ အမေရိကန်ရဲ့ ကိုယ့်အရိုးနဲ့ ကိုယ့်ပြန်ထိုးခိုင်းတဲ့ နည်းဗျူဟာတစ်ရပ်ဆိုပါတော့။ အဲဒီသာဓကကိုကြည့်ရင် အမေရိကန်က ကရင်ဒုက္ခသည်တွေကို အမေရိကန်မှာ လက်ခံစောင့်ရှောက်ထားမယ့်ကိစ္စဟာ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်တယ်ဆိုတာ ရှင်းနေပြီမဟုတ်လား မောင်ကျော်ရေ။

**စိုးမြကျော်** – ရှင်းပါပြီ ဘကြီးရယ်။ တကယ့်ကို ရှင်းပါပြီ။ ဒါနဲ့ ဘကြီး KNU တပ်ဖွဲ့ဝင်တွေထဲမှာ စိတ်ဝမ်းကွဲပြား စိတ်ဓာတ်ကျဆင်းပြီး အလင်းဝင်လာကြသူတွေလဲ ရှိခဲ့၊ ရှိဆဲ၊ ရှိနေဦးမှာပဲနော်။

**ဘကြီးစိုး** – တကယ့်လက်တွေ့ ‘အခြေအနေမှာ လက်အောက်ငယ်သားတွေထဲက ဒီလိုစိတ်ဝမ်းကွဲပြား စိတ်ဓာတ်ကျဆင်းပြီး အလင်းဝင်ဖို့၊ ထွက်ပြေးဖို့ ကြိုးပမ်းကြတဲ့ဖြစ်စဉ်တွေ အများကြီးရှိခဲ့တာပေါ့။ နောင်လဲ ရှိနေဦးမှာပါပဲ။ ဒါပေမယ့် KNUက အဲဒီလို ထွက်မပြေးရဲအောင်၊ အလင်းမဝင်နိုင်အောင် ထိန်းချုပ်တဲ့အနေနဲ့ တပ်ဖွဲ့ဝင်တွေရဲ့ ဇနီး၊ သားသမီး၊ ဆွေမျိုးမိသားစုတွေကို နယ်စပ်ဒေသတွေအတင်းပို့ပြီး ဒုက္ခသည်အဖြစ် ထိန်းချုပ်ထားခဲ့တယ်။ ဒီနည်းလမ်းနဲ့ တပ်ဖွဲ့ဝင်တွေကို ထိန်းချုပ်ပြီးဖြစ်သလို တစ်ဖက်ကလဲ နိုင်ငံရေးအမြတ်ထုတ်ပြီး ပြည်ပအထောက်အပံ့ရရှိအောင် လုပ်ခဲ့တာပေါ့။

**စိုးမြကျော်** – ဒီလောက်ဆိုးတဲ့ KNU တွေဟာ ဘာဖြစ်လို့များ ဒီလောက်သက်ဆိုးရှည်နေရတာလဲ ဘကြီးရယ်။

**ဘကြီးစိုး** – **မြန်မာနိုင်ငံမှာ သောင်းကျန်းသူအဖွဲ့ကြီးငယ် အများအပြား ရှိခဲ့တဲ့အထဲက အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခဲ့ပေမယ့် KNU လက်ကျန်အဖွဲ့နဲ့ကတော့ ဒီနေ့အထိ မနီးစပ်သေးဘူးလေ။ ဒါဟာလဲ သူတို့ ကိုးကွယ်နေတဲ့ အနောက်ဆရာကြီးတွေနဲ့ လက်ပါးစေတွေက KNU လက်ကျန်တွေကို သွေးထိုးမြှောက်ပင့် ပံ့ပိုးကူညီနေတာတွေ၊ ဒုက္ခသည်အမည်ခံထားတဲ့ KNU စခန်းတွေကို တစ်ဖက်နိုင်ငံက လက်ခံခွင့်ပြုထားတာတွေကြောင့်ဆိုတာ ထင်ရှားနေတာပဲ။ ဒါ့အပြင် မီးရှို့၊ လူသတ်၊ လုယက်၊ မုဒိမ်းကျင့်၊ လူကုန်ကူးစတဲ့ အကြမ်းဖက်ရာဇဝတ်မှုတွေကို ဒီနေ့ထက်ထိ အတောမသတ်အောင် ကျူးလွန်နေတဲ့ KNU လက်ကျန်အုပ်စုကို အနောက်ဆရာကြီးတွေက ကရင်တိုင်းရင်းသားအားလုံးက ထောက်ခံနေတဲ့ အဖွဲ့ဖြစ်သယောင်ယောင်၊ ကရင်တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုနေတဲ့အဖွဲ့ ဖြစ်သယောင်ယောင် အမွှမ်းတင်ပြောဆို အသံလွှင့်ဝါဒဖြန့် ကူညီပံ့ပိုးနေတာတွေဟာလဲ သူတို့သက်ဆိုးရှည်ရခြင်းရဲ့ အကြောင်းရင်းတွေပဲပေါ့ကွယ်။**

**ကြီးကြီးမြ** – ဟုတ်တယ် မောင်ကျော်ရေ၊ ဒီအနောက်ဆရာကြီးတွေဟာ လက်ဝေခံ NGO တွေ၊ ပြည်ပြေးတွေ၊ အလိုတော်ရိအသံလွှင့်ဌာနတွေနဲ့ပေါင်းပြီး မြန်မာနိုင်ငံမှာ သူတို့အလိုကျ ကြိုးဆွဲရာကမယ့် ညဗ္ဗာခံအစိုးရ တင်နိုင်ဖို့အတွက် လက်ကျန် KNU, KNPP, SSA-S အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပြည်တွင်းက ဆန့်ကျင်ဘက်အဖွဲ့တွေကို သူကောင်းပြု ပံ့ပိုးကူညီနေတာကွယ့်။ သူတို့ကတော့ ကြီးကြီးတို့နိုင်ငံအပေါ် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အပါအဝင် ရှိသမျှခေါင်းစဉ်အားလုံးတပ်ပြီး စွပ်စွဲဖိအားပေးနေကြဦးမှာပဲ။ ဒီတော့ တစ်ဖက်နိုင်ငံ နယ်စပ်ဒေသတွေမှာ ခိုအောင်းနေရတဲ့ KNU လက်ကျန်တွေ အသက်ဆက်နိုင်ဖို့၊ လက်နက်ခဲယမ်းကအစ ဝယ်ယူနိုင်ဖို့ လိုအပ်တဲ့ငွေကြေးကို ဒီမိုကရေစီရေး လှုပ်ရှားမှုခေါင်းစဉ်အောက်က နည်းမျိုးစုံနဲ့ ဆောင်ရွက်ပေးနေဦးမှာပဲ ဆိုတာကိုလဲ မောင်ကျော်တို့ မေ့ထားလို့ မဖြစ်ဘူးနော်။

**ဘကြီးစိုး** – မင်းကြီးကြီးပြောတာ အမှန်ပဲ မောင်ကျော်ရေ။ တကယ်တော့ ဒီ So Called Refugee Camp ဆိုတာတွေအတွက် ထောက်ပံ့ကြေးတွေကို US Campaign for Burma အဖွဲ့က မူဝါဒဆိုင်ရာ ညွှန်ကြားရေးမှူးဆိုတဲ့ ချစ်ကိုကို(ခ)အောင်ဒင်တို့၊ FTUB နဲ့ NCUB ရဲ့ အထွေထွေအတွင်းရေးမှူးဆိုတဲ့ မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေတို့၊ နယ်စပ်မှာခြေရှုပ်နေတဲ့ ဒေါက်တာ ဆင်သီယာမောင်တို့လို ပြည်ပြေးသစ္စာဖောက်တွေကတစ်ဆင့် ပေးပို့ထောက်ပံ့နေသလို ဒီသတင်း တွေကို သူတို့ကတစ်ဆင့်ပဲ မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်ပြီး ကမ္ဘာက ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေကြတာကွယ့်။ အခုဘကြီးပြောတဲ့ ပြည်ပြေးသစ္စာဖောက်တွေရဲ့ နောက်ကြောင်းတွေကလဲ စိတ်ပျက်စရာတွေချည်းပါပဲကွာ။ မောင်ကျော်ရေ...ဒါတွေကို မင်းတို့လူငယ်တွေ မျက်ခြည်မပြတ် သိဖို့လိုတယ်နော်။

**စိုးမြကျော်** – ဟုတ်ကဲ့ပါ ဘကြီး။ ဒါနဲ့ ဒီ KNU လက်ကျန်တွေဟာ ဘယ်တော့များမှ ချုပ်ငြိမ်းသွားမှာလဲ။ ကရင်ပြည်နယ် နယ်စပ်ဒေသတွေ ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ဖို့ နောက်ထပ် ဘယ်လောက်စောင့်ရဦးမှာလဲ ဘကြီးရယ်။

**ကြီးကြီးမြ** – ဟုတ်တယ် ကိုစိုး၊ ဒီမေးခွန်းကို မြလဲ မေးချင်နေတာ။

**ဘကြီးစိုး** – **KNU လက်ကျန်တွေ ချုပ်ငြိမ်းဖို့ကိစ္စမပြောခင် ၁၉၈၈–၉၀ တစ်ဝိုက်တုန်းက မြန်မာနိုင်ငံရဲ့ အရှေ့မြောက် နယ်စပ်ဒေသမှာ အင်အားအလုံးအရင်းနဲ့အခြေပြုပြီး နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ဗကပတွေ ချုပ်ငြိမ်းသွားခဲ့ပုံအကြောင်း အရင်ပြောချင်တယ်။ အဲဒီတုန်းက ဗကပဟာ စစ်အင်အားကြီးပြီး မဟာဗျူဟာ၊ နည်းဗျူဟာတွေလဲ အားကောင်းခဲ့တယ်ဆိုရမှာပေါ့။ ဒါပေမယ့် တပ်မတော်အစိုးရက ဗကပပြဿနာကို နည်းဗျူဟာသုံးရပ်နဲ့ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့တယ်လေ။**

**စိုးမြကျော်** – စိတ်ဝင်စားစရာပါလား ဘကြီးရဲ့။ ဘယ်လိုနည်းဗျူဟာတွေများလဲ။

**ဘကြီးစိုး** – အေး...ရှင်းရမှာပေါ့ကွာ။ **ပထမနည်းဗျူဟာကတော့ ညှိနှိုင်းဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်တဲ့ နည်းဖြစ်တယ်။ ဒီလို ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဗကပတပ်ဖွဲ့ဝင် “ဝ”၊ ကိုးကန့်၊ ကချင်တိုင်းရင်းသားလက်နက်ကိုင်တွေဟာ အုပ်စုလိုက် နိုင်ငံတော်နဲ့ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြတယ်။ ဒီကနေ့မှာဆိုရင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးဖြစ်တဲ့ အဲဒီလက်နက်ကိုင်အဖွဲ့တွေက ကိုယ်စားလှယ်တွေဟာ အမျိုးသားညီလာခံကိုတက်ရောက်ပြီး နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုတွေ ပါဝင်ဆောင်ရွက်နေကြပြီလေ။**

**ကြီးကြီးမြ** – ဒါလဲဟုတ်တာပဲနော်။ အဲဒီ တိုင်းရင်းသားအဖွဲ့တွေဟာ ကိုစိုးတို့နဲ့အတူ ညီလာခံမှာ တကယ်တက်နေကြပြီ မဟုတ်လား။ အင်မတန် ဝမ်းမြောက်စရာကောင်းတဲ့ ကိစ္စပါပဲ။ ကဲ....ဒုတိယနည်းဗျူဟာကို ဆက်ပါဦး ဆရာကြီးရဲ့။

**ဘကြီးစိုး** – **ဒုတိယနည်းဗျူဟာကတော့ အိမ်နီးချင်းနိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်မှုရယူဖို့ပဲ ဖြစ်တယ်။ မိတ်ဆွေကောင်းပီသပြီး စိတ်ရင်းစေတနာမှန်တဲ့ အိမ်နီးချင်းတရုတ်နိုင်ငံက “အခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဘူး”ဆိုတဲ့ မူအတိုင်း တိတိကျကျ လိုက်နာရပ်တည်ပေးခဲ့တယ်လေ။ ဒါကြောင့်လဲ လက်ကျန်ဗကပတွေကို နိုင်ငံတော်က အမြစ်ပြတ်အောင် ရှင်းလင်းနိုင်ခဲ့တာပဲ ဖြစ်တယ်။ အခုဆိုရင် အဲဒီအရှေ့မြောက်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်နေပြီ။** ကဗျာဆန်ဆန်ပြောရရင်တော့ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို တိုင်းရင်းသားညီနောင်အားလုံး ခံစား စံစားနေရပြီ ဆိုပါတော့ကွာ။ ဒီနေ့ ခေတ်စားနေတဲ့ Internal Displaced Person [IDP] ဆိုတာတွေ၊ ဒုက္ခသည် [Refugee] ဆိုတာတွေလဲ ဘာပြဿနာမှမရှိတော့ဘူးပေါ့။ ဒါ့အပြင် ကမ္ဘာ့လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်ဒုက္ခပေးနေတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးမှာလဲ ပိုမိုထိရောက် အောင်မြင်အောင်လုပ်လာနိုင်ခဲ့ကြတယ်။ အခုဆိုရင် “ဝ” နဲ့ ကိုးကန့်ဒေသတွေမှာ ၂၀၀၅ ခုနှစ်ကစပြီး ဘိန်းကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ကြေညာနိုင်ခဲ့တဲ့အထိ အောင်မြင်နေပြီလေ။

**စိုးမြကျော်** – သွေးထွက်အောင်ကို မှန်တဲ့နည်းဗျူဟာတွေပဲ ဘကြီးရေ။ တကယ့်ကို ထိရောက်ပြီး အောင်မြင်ပါပေတယ်။

**ကြီးကြီးမြ** – စေတနာမှန်ရင်တော့ ဘယ်လိုအခက်အခဲမဆို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တာချည်းပါပဲ။ ဒီနေရာမှာ တပ်မတော်အစိုးရရဲ့ ရပ်တည်ချက်နဲ့ စေတနာမှန်တယ်ဆိုတာတော့ ဝိသေသချဲ့ဖို့မလိုအောင် ပေါ်လွင်နေပြီမဟုတ်လား။

**ဘကြီးစိုး** – သိပ်ဟုတ်တာပေါ့ကွယ်။ အခုပြောမယ့် တတိယနည်းဗျူဟာကလဲ မင်းကြီးကြီးပြောတဲ့ စေတနာနဲ့ပဲဆိုင်တယ် ဆိုရမှာပေါ့။ အဲဒီနယ်စပ်ဒေသတွေမှာ တည်ငြိမ်အေးချမ်းသွားပြီဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စေတနာအရင်းခံပြီး အောင်အောင်မြင်မြင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့တယ်လေ။ **နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင်ဒေသ ၂၂ ခု သတ်မှတ်ပြီး ထာဝရငြိမ်းချမ်းသာယာတဲ့ဒေသတွေ၊ ထာဝရအေးချမ်းရှင်သန်တဲ့ ဘဝတွေဖြစ်လာအောင်လဲ ပြုစုပျိုးထောင်ပေးနိုင်ခဲ့တယ်။ ဒါ့အပြင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး အကောင်အထည်ဖော်ပေးခဲ့တာ အခုဆိုရင် တောင်တန်းဒေသတွေဟာ မြေပြန့်နဲ့မခြား ဖွံ့ဖြိုးတိုးတက်နေပြီမဟုတ်လား။**

**ကြီးကြီးမြ** – ဒီလိုဆိုတော့ အခု ကရင်ပြည်နယ် နယ်စပ်ဒေသ KNU လက်ကျန်ကိစ္စကိုလဲ အဲဒီနည်းဗျူဟာသုံးရပ်နဲ့ ဆောင်ရွက်မယ်ဆိုရင် မအောင်မြင်နိုင်စရာ ဘယ်ရှိပါ့မလဲ ကိုစိုးရယ်။ ဟုတ်တယ်မဟုတ်လား မောင်ကျော်။

**စိုးမြကျော်** – မှန်ပါတယ် ကြီးကြီး။ ကျွန်တော်လဲ အဲဒီလိုပဲ မြင်မိပါတယ်။ ဘကြီးရဲ့အမြင်ကိုလဲ ပြောပါဦး ခင်ဗျာ။

**ဘကြီးစိုး** – မောင်ကျော်တို့ပြောသလိုပဲ တပ်မတော်အစိုးရအနေနဲ့ ကရင်ပြည်နယ် နယ်စပ်ဒေသကိစ္စကို အဲဒီနည်းဗျူဟာ သုံးရပ်နဲ့ပဲ ဖြေရှင်းဆောင်ရွက်နေတယ်လေ။ တစ်ဖက်က လုံခြုံရေးဆောင်ရွက်နေသလို အခြားတစ်ဖက်က ညှိနှိုင်းဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ကြိုးပမ်းနေတယ်။ ဒီကြိုးပမ်းမှုတွေကြောင့် KNU ကနေ အဖွဲ့ခြောက်ဖွဲ့ခွဲထွက်ပြီး နိုင်ငံတော်နဲ့ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြတာလဲ စောစောက ရှင်းပြခဲ့တဲ့အထဲမှာ ပါပြီးပြီမဟုတ်လား။ အခုဆိုရင် အဲဒီအဖွဲ့တွေက ကိုယ်စားလှယ်တွေဟာ အမျိုးသားညီလာခံတက်ရောက်ပြီး နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုတွေတောင် လုပ်နိုင်နေကြပြီပေါ့။

**စိုးမြကျော်** – တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ နိုင်ငံရေးအမြင်ကျယ်မှု၊ အမြော်အမြင်ရှိမှု၊ စိတ်ရင်းစေတနာဖြောင့်မတ် မှန်ကန်မှုတွေနဲ့ အမှားကိုသိမြင်တဲ့အချိန်မှာ အမှန်ကို အမြန်ဆုံးပြင်နိုင်ခဲ့တဲ့ လုပ်ဆောင်ချက်တွေရဲ့ အကျိုးဆက်လို့ပဲ ဆိုရမှာပေါ့နော်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

န်းသူအဖွဲ့ကြီးငယ် အများအပြား ရှိခဲ့တဲ့အထဲက အခြားတိုင်းရင်းသား လက်နက်ကိုင်
စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခဲ့ပေမယ့် KNU လက်ကျန်အဖွဲ့နဲ့ကတော့
။ ဒါဟာလဲ သူတို့ ကိုးကွယ်နေတဲ့ အနောက်ဆရာကြီးတွေနဲ့ လက်ပါးစေတွေက
းထိုးမြှောက်ပင့် ပံ့ပိုးကူညီနေတာတွေ၊ ဒုက္ခသည်အမည်ခံထားတဲ့ KNU စခန်း
ခံခွင့်ပြုထားတာတွေကြောင့်ဆိုတာ ထင်ရှားနေတာပဲ။ ဒါ့အပြင် မီးရှို့၊ လူသတ်၊
ကူးစတဲ့ အကြမ်းဖက် ရာဇဝတ်မှုတွေကို ဒီနေ့ထက်ထိ အတောမသတ်အောင်
ကျန်အုပ်စုကို အနောက်ဆရာကြီးတွေက ကရင်တိုင်းရင်းသားအားလုံးက ထောက်ခံ
င်၊ ကရင်တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုနေတဲ့အဖွဲ့ ဖြစ်သယောင်ယောင်
ဖြန့် ကူညီပံ့ပိုးနေတာတွေဟာလဲ သူတို့သက်ဆိုးရှည်ရခြင်းရဲ့ အကြောင်းရင်းတွေပဲ။

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

**ဘကြီးစိုး** – ဟုတ်လိုက်လေ မောင်ကျော်ရယ်။ **အမှားကို အမှားမှန်းမသိဘဲ ဆက်မိုက်နေရင်တော့ အမှန်တရားနဲ့ ဝေးသထက်ဝေးတော့မှာပေါ့ကွာ။ အခုလဲ KNU အကြွင်းအကျန် နည်းနည်း ကျန်နေသေးတယ်။ သူတို့ဟာ တစ်ဖက်နိုင်ငံနယ်စပ်မှာ ဒုက္ခသည်စခန်းအမည်ခံပြီး အခြေပြုနေကြတယ်။ အဲဒီ ဒုက္ခသည်စခန်းကနေပဲ ပြောက်ကျားနည်းနဲ့ ဘကြီးတို့ နိုင်ငံထဲကို ပြန်ခိုးဝင်ပြီး နှောင့်ယှက် တိုက်ခိုက်မှုတွေ လုပ်နေကြတုန်းပဲ။ဒါပေမယ့် တပ်မတော်အစိုးရကတော့ ဒီလက်ကျန်အုပ်စုအတွက်လဲ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားလျက်ပါပဲဆိုတာ ဘကြီးပြောခဲ့ပြီးပြီနော်။**

**ကြီးကြီးမြ** – ဒီဘက်က ဘယ်လောက်ပဲ တံခါးဖွင့်ထားထား၊ အိမ်နီးချင်းတစ်ဖက်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေ၊ အဖွဲ့တွေက အိမ်နီးချင်းတရုတ်နိုင်ငံလို အပြည့်အဝပူးပေါင်း ဆောင်ရွက်ပေးဖို့လိုမှာတော့အမှန်ပဲ ကိုစိုးရေ။

**ဘကြီးစိုး** – ဟုတ်တယ်၊ **လက်ကျန် KNU ကိစ္စ ဖြေရှင်းပြီးပြတ်ဖို့ဆိုတာ ဒုတိယနည်းဗျူဟာဖြစ်တဲ့ အိမ်နီးချင်းတစ်ဖက်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေ၊ အဖွဲ့အစည်းတွေရဲ့ စေတနာမှန်နဲ့ ပူးပေါင်းဆောင်ရွက်မှုက သိပ်ကိုအရေးကြီးတယ်။ တကယ်တော့ လက်ကျန် KNU အဖွဲ့ဟာ ပြည်ပအင်အားကြီးနိုင်ငံနဲ့ ဘာညာ NGO အဖွဲ့ဆိုတာတွေ အပါအဝင် အိမ်နီးချင်းတစ်ဖက်နိုင်ငံတို့ရဲ့ ကူညီပံ့ပိုးမှုနဲ့ ရပ်တည်နေရတာလေ။ ဒါကြောင့် ပြည်ပအင်အားကြီး နိုင်ငံနဲ့ အဖွဲ့အစည်းတွေအပါအဝင် အိမ်နီးချင်းတစ်ဖက်နိုင်ငံတို့ကသာ တရုတ်နိုင်ငံလို "အခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဘူး"ဆိုတဲ့ မူအတိုင်း တိတိကျကျ ရပ်တည်ကျင့်သုံးပေးမယ်ဆိုရင် ကရင်နယ်စပ်ကိစ္စဟာ မကြာမီမှာပဲ ပြီးပြတ်ပြီး တည်ငြိမ် အေးချမ်းသွားမှာ မလွဲကေန်ပေါ့။ ဒီလိုသာ တည်ငြိမ်အေးချမ်းသွားရင် နိုင်ငံတော်အစိုးရအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အပြည့်အဝ ဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်သလို လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေတဲ့ INGO တွေလဲ ပိုပြီးထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးနိုင်ခွင့်တွေ ရရှိလာကြမှာပဲ မဟုတ်လား။**

**ကြီးကြီးမြ** – ဒါဆိုရင် ဒီနေ့ပြောပြောနေတဲ့ IDP ကိစ္စတို့၊ Refugee ကိစ္စတို့ဆိုတာတွေလဲ အလိုအလျောက်ပပျောက်ပြီး ထာဝရချုပ်ငြိမ်း သွားတော့မှာပေါ့နော်။

**စိုးမြကျော်** – ဒါတင်ဘယ်ကမလဲ ကြီးကြီးရဲ့။ နယ်စပ်ဒေသ ငြိမ်းချမ်းသွားတာနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စတွေမှာလဲ အခုထက် အဆပေါင်းများစွာ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်လာနိုင်မှာ အသေအချာပါပဲ။

**ဘကြီးစိုး** – မှန်ပါတယ်ဗျာ။ ဒီလိုရလဒ်ကောင်းတွေရဖို့ အတွက် အိမ်နီးချင်းတစ်ဖက်နိုင်ငံရဲ့ ရပ်တည်ချက်က အခရာပါပဲ။ ခုလဲ တို့နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိနေပါတယ်။ ကြည့်လေ... အဲဒီအိမ်နီးချင်းနိုင်ငံမှာ တို့နိုင်ငံက အလုပ်သွားလုပ်ကြတဲ့သူတွေရှိတယ်။ တစ်ခါ ပျော်စရာပါးစရာပေါတဲ့ နိုင်ငံဆိုတော့ တို့ဆီက အလည်အပတ်သွားကြတာတွေလဲ ရှိတယ်။ ဒီလို စီးပွားရှာသွားတာ၊ အလည်သွားတာကျတော့ Refugee မဟုတ်ဘူး၊ သူတို့အတွက် တစ်ဖက်အစိုးရနဲ့ ညှိပြီးတော့ Passport လုပ်ပေးနေတဲ့ အစီအမံတွေ ရှိတယ်။ အသစ်သွားမယ့်သူကိုလဲ ဒီဘက်က Passport လုပ်ပေးလိုက်တာတွေ ရှိတယ်။ ဒါကြောင့် ဒါတွေဟာ Refugee နဲ့ မဆိုင်ဘူး။ ဒီတော့ တစ်ဖက်နိုင်ငံအနေနဲ့ KNU လို သောင်းကျန်းသူတွေကိုသာ လက်မခံဘူးဆိုရင် Refugee ဆိုတာ ဉ်ဖွ မန်းလိုက်သလို ချက်ချင်းပျောက်သွားမှာပါပဲ။

**ကြီးကြီးမြ** – ဟုတ်တယ်မောင်ကျော်၊ တကယ်တော့ ပြည်ပအင်အားကြီးနိုင်ငံနဲ့ ဘာညာ NGO အဖွဲ့အစည်း ဆိုတာတွေ အပါအဝင် အိမ်နီးချင်း တစ်ဖက်နိုင်ငံတို့အနေနဲ့ စိတ်ရင်းစေတနာမှန်အရင်းခံပြီး ပူးပေါင်းဆောင်ရွက်တဲ့ နည်းကသာ ပြဿနာတွေ ကင်းစင်ပြီး ကရင်ပြည်နယ် နယ်စပ်ဒေသကို ထာဝစဉ်တည်ငြိမ်အေးချမ်းသွားအောင် ဖြေရှင်းပေးနိုင်မယ့် အမှန်ကန်ဆုံး နည်းလမ်းပဲဖြစ်တယ် ဟေ့။

**စိုးမြကျော်** – ကြီးကြီးပြောသလို ပြေလည်အောင်ဖြေရှင်းနိုင်တဲ့ အမှန်ကန်ဆုံးနဲ့ အသင့်လျော်ဆုံးနည်းလမ်းကတော့ ရှိနေပါပြီ။ ဒါပေမယ့် တစ်ဖက်ကရော စိတ်ရင်းစေတနာအမှန်နဲ့ ပူးပေါင်းဆောင်ရွက်လာဖို့ဆိုတာက ဖြစ်နိုင်ပါ့မလား။

**ဘကြီးစိုး** – ဒါကတော့ မောင်ကျော်ရယ်။ မဖြစ်နိုင်စရာသိပ်မရှိလှပါဘူး။ စဉ်းစားကြည့်လေ... တို့နိုင်ငံမှာ အိမ်နီးချင်းငါးနိုင်ငံရှိတယ်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နဲ့ လာအိုပေါ့ကွာ။ အဲဒီအိမ်နီးချင်းအားလုံးထဲမှာ ဒီ IDP တို့၊ Refugee တို့ဆိုတဲ့ပြဿနာ အခြားဘယ်နိုင်ငံနဲ့မှ ဟိုးယခင်ကရော၊ အခုရော မရှိခဲ့ဘူးဆိုတာ မောင်ကျော်တို့လဲ သိပြီးသားပဲ။ အရှေ့ဘက်က အိမ်နီးချင်းနိုင်ငံ တစ်ခုတည်းနဲ့သာ ဒီပြဿနာရှိနေတာဟာ KNU ကို သူတို့က လက်ခံထားလို့ပဲပေါ့ကွာ။ ဒါပေမယ့်လဲ တကယ်သာ ကရင်ပြည်နယ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းစေချင်တယ်၊ IDP တွေ၊ Refugee တွေ ပပျောက်စေချင်တယ် ဆိုရင်တော့ ဒီနည်းလမ်းမှ တစ်ပါးအခြားမရှိဘူးလို့ ဆိုရမှာပါပဲ။ **နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်ဘဲ သောင်းကျန်းသူနဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေကိုလဲ ကိုယ့်အိမ်ကိုယ့်ရာက စိတ်ဆိုးလို့ ခဏထွက်သွားတဲ့ သားသမီးတွေလို အမြဲတမ်း ခွင့်လွှတ်နားလည်ပေးခဲ့တာပဲ။ ပြည်ပနိုင်ငံတွေဆိုလဲ သူဘယ်လောက်ဆိုးဆိုး နှစ်နိုင်ငံမိတ်ဝတ်မပျက် ဆက်ဆံရေးနဲ့အိမ်နီးချင်းကောင်းပီသစွာရပ်တည်ပြီး၊ သဘောထားကြီးကြီးထားပြီး အရှည်သဖြင့် လက်တွဲဆက်ဆံခဲ့တာချည်းပဲ မဟုတ်လား။ ကိုယ်ကောင်းရင်ခေါင်းဘယ်မှ မရွှေ့သလို ကိုယ့်စေတနာနဲ့ ရပ်တည်ချက် မှန်တဲ့အတွက် တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ မုချအောင်မြင်လာရမှာ မလွဲမသွေပဲလို့ ဘကြီးတော့ ယုံကြည်ထားတယ်ဟေ့။**

**စိုးမြကျော်** – **နိုင်ငံတော်ရဲ့ ရပ်တည်ချက်ကတော့ အမှန်တရားအတွက် လမ်းဖွင့်ထားတာဖြစ်လို့ ဘကြီး ယုံကြည်ထားသလိုပဲ မကြာတော့တဲ့ ကာလမှာ ဒီ KNU လက်ကျန်တွေ ချုပ်ငြိမ်းပပျောက်ပြီး ကရင်ပြည်နယ် နယ်စပ်ဒေသတွေဟာ တကယ့်ကိုတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းရေးအသီးအပွင့်တွေနဲ့ ဝေဆာကြွားဝင့်လာရမယ်လို့ ကျွန်တော်လဲ အပြည့်အဝ ယုံကြည်မျှော်လင့်မိပါတယ်ခင်ဗျား။**

**ကြီးကြီးမြ** – ကိုစိုးနဲ့ မောင်ကျော်တို့ ပြောတာတွေအားလုံး အမှန်တွေချည်းပါပဲ။ တစ်နေ့တော့ မလွဲမသွေ မုချအောင်မြင်မှာပါ။ အဲဒီနေ့ဟာလဲ မဝေးတော့ပါဘူး။ ဒါပေမယ့် ဒီနေ့မနက် **BBC တို့၊ VOA တို့က လွှင့်သွားသလို လေလှိုင်းထဲက စွပ်စွဲပုတ်ခတ်နေတဲ့ ပြည်ပ၊ ပြည်တွင်း ဆန့်ကျင်ဘက် အင်အားစုအပေါင်းကိုလဲ ကြီးကြီးတစ်ခုတော့ မေးလိုက်ပြောလိုက်ချင်သေးတယ်။ မြန်မာနိုင်ငံကို တကယ်ချစ်သလား၊ တိုင်းရင်းသားတွေကို တကယ်ချစ်သလား၊ အဲဒီ နယ်စပ်ဒေသတွေမှာ တကယ်တည်ငြိမ်အေးချမ်းပြီးတော့ ဖွံ့ဖြိုးတိုးတက်စေချင်သလား။ အဲဒါဆိုရင် အဲဒီ နယ်မြေဒေသမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ဝင်ပြီး သွေးမထိုးပါနဲ့၊ မြှောက်ပင့်မပေးပါနဲ့၊ ငွေကြေး၊ ပစ္စည်း၊ လက်နက်၊ ခဲယမ်းနဲ့မထောက်ပံ့ပါနဲ့၊ So Called Refugee Camp ဆိုတာတွေ ထောက်ပံ့ပြီး ဖွင့်မထားပါနဲ့။ တခြားနိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဘူးဆိုတဲ့ နိုင်ငံတကာရဲ့ မူဝါဒနဲ့အညီ တိတိကျကျသာ ကျင့်သုံးမယ်ဆိုရင် မငြိမ်းချမ်းသေးတဲ့ အဲဒီနယ်စပ်ဒေသဟာ အချိန်တိုအတွင်း တည်ငြိမ်အေးချမ်းသွားပါလိမ့်မယ်။ တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ဖွံ့ဖြိုးတိုးတက်မှုတွေ အကုန်ဖြစ်လာပါလိမ့်မယ် ဆိုတာပါပဲ။**

**ဘကြီးစိုး** – မှန်လိုက်တဲ့စကားကွာ။ ကဲ...မောင်ကျော်ရေ၊ နောက်ဆုံးတော့ ဘကြီးတို့ တစ်နေ့လုံး ဆွေးနွေးခဲ့၊ ပြောခဲ့ရသမျှဟာ မင်းကြီးကြီးရဲ့ နိဂုံးချုပ်စကားလက်ဆောင်လေးနဲ့ ကျမှပဲ လုံးဝ ပြီးပြည့်စုံသွားတော့တယ်။

**စိုးမြကျော်** – မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်လဲ ဒီမနက် VOA က မဟုတ်တမ်းတရမ်း စွပ်စွဲပုတ်ခတ်တာတွေ ကြားမိပြီး စိတ်ထဲ ခိုးလိုးခုလုဖြစ်နေသမျှ ဘကြီးတို့၊ ကြီးကြီးတို့ အခုလို ပြောပြ၊ရှင်းပြမှပဲ ဘဝင်ကျပြီး နေသာထိုင်သာ ရှိသွားတော့တယ်။

**ကြီးကြီးမြ** – ဟုတ်တာပေါ့ မောင်ကျော်ရယ်၊ သူတို့အသံလွှင့်ဌာနတွေက လွှင့်သမျှ မဟုတ်မဟတ် လုပ်ဇာတ်တွေဟာ အခြေအနေမှန်ကို သိမြင်နားလည်နေတဲ့ တိုင်းချစ် ပြည်ချစ်စိတ်ရှိသူ မြန်မာနိုင်ငံသားအားလုံးအတွက်တော့ မခံချင်စရာ၊ နားကြားပြင်းကပ်စရာတွေ ချည်းပဲပေါ့။ ဘာပဲဖြစ်ဖြစ် ခွေးဟောင်ရုံနဲ့ တောင်မရွှေ့ဘူးလို့ပဲ သဘောထားလိုက်ပါကွယ်။ သူလဲ အချိန်တန်တော့ သူ့သဘောသူဆောင်ပြီး အသံတိတ်သွားပါလိမ့်မယ်။

**စိုးမြကျော်** – ကောင်းပါပြီ ကြီးကြီး၊ ကျွန်တော် ကြီးကြီးပြောသလိုပဲ သဘောထားပြီး ပေယျာလကန်ပြုလိုက်ပါတော့မယ်။

**ဘကြီးစိုး** – ကဲ... မောင်ကျော်ရေ၊ လက်ဖက်ကလေးစားစမ်းပါဦးကွာ။

**စိုးမြကျော်** – သုံးဆောင်ပါ ဘကြီးခင်ဗျာ။ ကျွန်တော်တော့ ဒီနေ့ ဘကြီးတို့၊ ကြီးကြီးတို့ စကားဝိုင်းမှာ ဗဟုသုတတွေ၊ အတွေးအမြင်တွေ တစ်လှေကြီး တိုးတဲ့အပြင် ကော်ဖီရော၊ နေ့လယ်စာထမင်းရော၊ လက်ဖက်ပွဲရော အဝစားပြီးပြီဆိုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး။ ဘကြီးတို့၊ ကြီးကြီးတို့လဲ နားကြပါဦးခင်ဗျာ။

**ဘကြီးစိုး+ ကြီးကြီးမြ** – အေး...ကောင်းပါပြီကွယ်။ နောက်ဆုံကြသေးတာပေါ့။ ။

နိုင်ငံတော်ရဲ့ ရပ်တည်ချက်ကတော့ အမှန်တရားအတွက် လမ်းဖွင့်ထားတာဖြစ်လို့ ဘကြီး ယုံကြည်ထားသလိုပဲ မကြာတော့တဲ့ ကာလမှာ ဒီ KNU လက်ကျန်တွေ ချုပ်ငြိမ်းပပျောက်ပြီး ကရင်ပြည်နယ် နယ်စပ်ဒေသတွေဟာ တကယ့်ကို တည်ငြိမ် အေးချမ်းပြီး ငြိမ်းချမ်းရေး အသီးအပွင့်တွေနဲ့ ဝေဆာကြွားဝင့် လာရမယ်လို့ ကျွန်တော်လဲ အပြည့်အဝ ယုံကြည်မျှော်လင့်မိပါတယ်ခင်ဗျား။

BBC တို့၊ VOA တို့က လွှင့်သွားသလို လေလှိုင်းထဲက စွပ်စွဲ ပုတ်ခတ်နေတဲ့ ပြည်ပ၊ ပြည်တွင်း ဆန့်ကျင်ဘက် အင်အားစုအပေါင်းကိုလဲ ကြီးကြီးတစ်ခုတော့ မေးလိုက်ပြောလိုက်ချင်သေးတယ်။ မြန်မာနိုင်ငံကို တကယ်ချစ်သလား၊ တိုင်းရင်းသားတွေကို တကယ်ချစ်သလား၊ အဲဒီ နယ်စပ်ဒေသတွေမှာ တကယ် တည်ငြိမ် အေးချမ်းပြီးတော့ ဖွံ့ဖြိုးတိုးတက် စေချင်သလား။

အဲဒါဆိုရင် အဲဒီ နယ်မြေဒေသမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ဝင်ပြီး သွေးမထိုးပါနဲ့၊ မြှောက်ပင့် မပေးပါနဲ့၊ ငွေကြေး၊ ပစ္စည်း၊ လက်နက်၊ ခဲယမ်းနဲ့ မထောက်ပံ့ပါနဲ့၊ So Called Refugee Camp ဆိုတာတွေ ထောက်ပံ့ပြီး ဖွင့်မထားပါနဲ့။ တခြားနိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဘူးဆိုတဲ့ နိုင်ငံတကာရဲ့ မူဝါဒနဲ့အညီ တိတိကျကျသာ ကျင့်သုံးမယ်ဆိုရင် မငြိမ်းချမ်းသေးတဲ့ အဲဒီ နယ်စပ်ဒေသဟာ အချိန်တိုအတွင်း တည်ငြိမ် အေးချမ်းသွားပါလိမ့်မယ်။ တည်ငြိမ်အေးချမ်း လာတာနဲ့အမျှ ဖွံ့ဖြိုးတိုးတက်မှုတွေ အကုန်ဖြစ်လာပါလိမ့်မယ် ဆိုတာပါပဲ။



## အဲဘတ်စ် အေ- ၃၈၀ ခရီးသည်တင်လေယာဉ် အပူချိန်မြင့်နေစဉ် စမ်းသပ်ပျံသန်း

အဘူဒါဘီ ဇူလိုင် ၂၈

**ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေကြောင်းလိုင်းမှ အဲဘတ်စ် အေ-၃၈၀ ခရီးသည်တင် လေယာဉ်တစ်စင်း** (အပေါ်ပုံ) **သည် အပူချိန်မြင့်မားနေသောအချိန်၌ အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)၏ အယ်အင်န်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်စမ်းသပ်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း အီမီရိတ်စ်သတင်းဌာနက ဇူလိုင် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။**

အဆိုပါလေယာဉ်သည်အယ်အင်န် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီအချိန်တွင် ဆိုက်ရောက်လာခဲ့ပြီး အပူချိန်အမြင့်မားဆုံးအချိန်အတွင်း စမ်းသပ်ပျံသန်းမှုများ ပြုလုပ်ခဲ့သည်။

**ပျံသန်း**

၂၀၀၆ခုနှစ်ကလည်း အယ်အင်န် လေဆိပ်၌ ရာသီဥတု အပူပြင်းဆုံး အချိန်၌ နှစ်ကြိမ်ခန့်စမ်းသပ်ပျံသန်းခဲ့သည်။ ယခုနှစ်၌မူ အပူချိန်ပြင်းထန်သည့်အချိန်အတွင်း သီတင်းတစ်ပတ်အကြာ စမ်းသပ်ပျံသန်းမှုများ ပြုလုပ်မည်ဖြစ်သည်။

**လေ့ကျင့်**

ထိုသို့ လေ့ကျင့်ပျံသန်းခြင်းသည် အဆိုပါလေယာဉ်များ စီးပွားရေးဆိုင်ရာ လုပ်ငန်းများတွင် တိုးချဲ့အသုံးပြုလာသည့်အခါ လေယာဉ်မှူး အဆင်သင့်ဖြစ်စေရန် လေ့ကျင့်မှုများပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## (၁၀)ကြိမ်မြောက် စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ အစည်းအဝေး တရုတ်နှင့် နီပေါနိုင်ငံတို့ ခတ္တမန္ဒူမြို့၌ ကျင်းပ

ခတ္တမန္ဒူ ဇူလိုင် ၂၈

**တရုတ်နှင့် နီပေါနှစ်နိုင်ငံတို့သည် ဇူလိုင် ၂၄ရက်က ခတ္တမန္ဒူမြို့ ၌ (၁၀)ကြိမ်မြောက် စီးပွားရေးနှင့်ကုန်သွယ်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးကို ကျင်းပသည်။**



**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကွန်ပျူတာဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ သင်ကြားရေး အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုနေသည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အဆိုပါအစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးဝမ်ချောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နီပေါနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီး ဗစ်ဒ်ရက်ဟာမယ်လစ်ခ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်သည်။

**ဆန္ဒရှိ**

နီပေါ အစိုးရအနေဖြင့် တရုတ်ကိုယ်စားလှယ်အဖွဲ့အားကြိုဆိုကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆန္ဒရှိကြောင်း မယ်လစ်ခ်က ပြောကြားသည်။

**ဝေဖန်သုံးသပ်**

ယင်းအစည်းအဝေး၌ ယခင် (၉)ကြိမ်မြောက်စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာအစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုခဲ့သည့် နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်၍ ဝေဖန်သုံးသပ်ခဲ့ကြသည်။

**သဘောတူ**

ဆက်လက်၍ နီပေါနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့်နည်းပညာများ ထောက်ပံ့ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံက သဘောတူလက်မှတ် ရေးထိုးသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဗင်နီဇွဲလားသမ္မတအား လုပ်ကြံရန် ဘုရှ်အမိန့်ပေးထား နိုင်ငံခြားရေးဝန်ကြီး မာဒူရို စွပ်စွဲပြောကြား

ကရာကတ်စ် ဇူလိုင် ၂၈

**ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်အား လုပ်ကြံရန် သမ္မတဘုရှ်က အမိန့်ပေးထားကြောင်း ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး နီကိုလပ်စ်မာဒူရိုက ဇူလိုင် ၂၅ရက်၌ စွပ်စွဲပြောကြားလိုက်သည်။**

အမေရိကန် သမ္မတဘုရှ်အနေဖြင့် ထိုသို့သော အမိန့်မျိုးပေးထားသည်ဟု ခိုင်လုံသော သတင်းရပ်ကွက်များက မိမိတို့ ကြားသိရကြောင်း၊ ဘုရှ်၏ ထိုသို့လုပ်ရပ်ကို ဗင်နီဇွဲလားနိုင်ငံသားများက ဆန့်ကျင်ကြောင်း မာဒူရိုက ပြောကြားသည်။

**ပြောကြား**

ဗင်နီဇွဲလား ပြည်သူများအနေဖြင့် နိုင်ငံတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းမှုများ ရရှိအောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် ဗင်နီဇွဲလားအစိုးရကို ထောက်ခံသော ပြည်သူများအား မာဒူရိုက ပြောကြားခဲ့သည်။

**ဆက်လက်ကျင့်သုံး**

ဗင်နီဇွဲလားနိုင်ငံသည် လက်ရှိကျင့်သုံးနေသည့်နိုင်ငံရေးမူဝါဒများကို ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ထိုင်းတောင်ပိုင်း ဗုံးခွဲမှု တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဗန်ကောက် ဇူလိုင် ၂၈

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ ဇူလိုင် ၂၆ရက် နံနက်ပိုင်းက ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် ထိုင်းအစိုးရတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားသည့်အနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ထိုင်းသတင်းဌာနက ကြေညာသည်။

ကျောင်းဆရာ ဆရာမများ စာသင်ကျောင်းသို့သွားရာ၌ လမ်းရှင်းပေးသည့် ရဲအရာရှိလေးဦးသည် မော်တော်ဆိုင်ကယ်များဖြင့် ကင်းလှည့်စဉ် အဝေးထိန်းကိရိယာဖြင့် ဗုံးခွဲတိုက်ခိုက်ခံရခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**




## ဆီးရီးယားတို့ ဂိုလန်ကုန်းမြင့်ဒေသ ပြန်လည်ရရှိရေး အာရပ်-အာဖရိက ကွန်ဖရင့်က ထောက်ခံ

**ဒမတ်စကတ် ဇူလိုင် ၂၈**

အစ္စရေးတို့ သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသအား ပြန်လည်ရရှိရေးအတွက် ဆီးရီးယားတို့၏ အခွင့်အရေးကို ထောက်ခံဖြည့်ဆည်းပေးရန် (၁၁)ကြိမ်မြောက် အာရပ်-အာဖရိက ကွန်ဖရင့်ကို ဒမတ်စကတ်မြို့၌ ဇူလိုင် ၂၄ရက်က ကျင်းပခဲ့သည်။

နှစ်ရက်ကြာကျင်းပသည့် အဆိုပါ ကွန်ဖရင့်၌ ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးတို့ကျူးကျော်သိမ်းပိုက်ထားမှုမှာ အဆုံးသတ်သင့်ပြီဖြစ်ကြောင်း တောင်းဆိုတိုက်တွန်းခဲ့ကြသည်ဟု ဆီးရီးယား ဆာနာသတင်းဌာနက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

**ပံ့ပိုးကူညီ**

အဆိုပါ ဂိုလန်ကုန်းမြင့်ဒေသကို ၁၉၆၇ခုနှစ်က ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်းဒေသ စစ်ပွဲအတွင်း အစ္စရေးတို့က သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ဂိုလန် ကုန်းမြင့်ဒေသကို ဆီးရီးယားတို့ ပြန်လည်ရရှိရေးအတွက် ပံ့ပိုးကူညီပေးသွားမည်ဟု ကွန်ဖရင့်က သဘောတူခဲ့ကြသည်။

ထို့အပြင် အရှေ့အလယ်ပိုင်းဒေသအတွင်း ပါလက်စတိုင်းပြဿနာ၊ အီရတ်အရေးကိစ္စများအပြင် အာဖဂန်နစ္စတန်နိုင်ငံ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**(အင်တာနက်)**

## အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ် ဆူနာမီသတိပေးချက်ထုတ်ပြန်

**ဂျကာတာ ဇူလိုင် ၂၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ်မြောက်ပိုင်းတွင် ဇူလိုင် ၂၆ ရက်ကပင်လယ်ပြင်အောက်ကို ဗဟိုပြု၍ ပြင်းထန်သော မြေငလျင်လှုပ်ခဲ့ရာ ဆူနာမီ သတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း ယင်းနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

**သတင်းထုတ်ပြန်**

ယင်းနိုင်ငံရှိ ဘူမိဗေဒဆိုင်ရာ တိုင်းတာ ချက်အရ ရစ်ချ်တာစကေး ၆ဒသမ၆ရှိအဆိုပါငလျင်သည်ပင်လယ်ရေမျက်နှာပြင်အောက် ၅၅မိုင်အကွာကို ဗဟိုပြု၍ လှုပ်ခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ရိုက်တာ**

## ကူဝိတ်ရှိ အမေရိကန်သံရုံး သံသယဖြစ်ဖွယ်ပါဆယ်ထုပ် လက်ခံရရှိ

**ကူဝိတ်စီးတီး ဇူလိုင် ၂၈**

ကူဝိတ်နိုင်ငံရှိ အမေရိကန်သံရုံး၌ သံသယဖြစ်ဖွယ် အဖြူရောင် အမှုန့်များ ပါရှိသော ပါဆယ်ထုပ်တစ်ခုကို ဇူလိုင် ၂၃ရက်က လက်ခံရရှိခဲ့ကြောင်း၊ ယင်းမှာ လုံခြုံရေးအနေအထားကို သတိပေးလိုက်ခြင်းပင်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံထုတ် အာရပ်တိုင်းမ် သတင်းစာက ဇူလိုင် ၂၄ရက်၌ ဖော်ပြသည်။

အဆိုပါအထုပ်မှာ သေသေချာချာထုပ်ပိုးထားခြင်းဖြစ်ပြီး သံရုံး၏ တောင်ဘက်ဂိတ်အဝင်၌ လုံခြုံရေးဝန်ထမ်းတစ်ဦးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအဖြူရောင်အမှုန့်များသည် ပေါက်ကွဲစေတတ်သောအရာများဖြစ်သည်ဟု သံသယရှိသဖြင့် ကူဝိတ်အာဏာပိုင်များထံ သတင်းပို့ခဲ့ကြောင်း ၎င်းသတင်းစာက ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီ၏ လုပ်ငန်းခွင်တစ်နေရာကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း လေးနှစ်ဆက်တိုက်ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၈

**(၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းတည့်၁၂နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ အမျိုးသမီးဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းအသင်းက ရန်ကုန်တိုင်းအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး အနိုင်ရဗိုလ်စွဲသွားသည်။**

ဗိုလ်လုပွဲဖြစ်သည်နှင့် အညီ နှစ်သင်းစလုံး ဗိုလ်စွဲနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားသောကြောင့် ပရိသတ်အကြိုက်တွေ့သည့်ပွဲဖြစ်ခဲ့သည်။

## ယှဉ်ပြိုင်

ဘတ်စကက်ဘော အားကစားနည်းသည် အပိုင်းလေးပိုင်း ခွဲ၍ တစ်ပိုင်းလျှင် ၁၀မိနစ်စီဖြင့် စုစုပေါင်း မိနစ်၄၀ယှဉ်ပြိုင်ရသည့် အားကစားနည်းဖြစ်သည်။

ယခုဗိုလ်လုပွဲ ပထမပိုင်းကစားရာတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းက ၁၃မှတ်၊ ၁၁မှတ် ရရှိထားပြီး နှစ်ပိုင်းကစားပြီးချိန်တွင် ငါးမှတ်အသာဖြင့် ဦးဆောင်နေလျက်ရှိသည်။ တတိယပိုင်းတွင် ရန်ကုန်တိုင်းအသင်းက ကစားအားမြှင့်တင်ပြီး ကစားကွက်မိမိဖြင့် ထိုးဖောက်ကစားခဲ့သဖြင့် တတိယပိုင်းတွင် ၂၀မှတ် ၈မှတ်ဖြင့် ပြန်လည်အနိုင်ရရှိသွားသည်။ တတိယပိုင်းကစားပြီးချိန်တွင် ရန်ကုန်တိုင်းအသင်းက ၄၄မှတ် ၃၆မှတ်ဖြင့် ၈မှတ်အသာဖြစ်ပြီး ပြိုင်ပွဲကို တစ်ဖန်ဦးဆောင်သွားပြန်သည်။ ထိုအချိန်တွင် ပွဲမှာပို၍ကြည့်ကောင်းလာပြီး ပရိသတ်များကလည်း ဩဘာသံမစဲ အားပေးလာကြသည်။

နောက်ဆုံး အဆုံးအဖြတ်ဖြစ်သည့် စတုတ္ထပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကြရာ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းသည်ချန်ပီယံဂုဏ်ကိုဆက်လက်ထိန်းသိမ်းရန် တစ်သင်းလုံး နားလည်မှုရှိစွာဖြင့် အောင်နိုင်ရေး စိတ်ဓာတ်မြှင့်တင် ကစားသွားခဲ့သောကြောင့် စုစုပေါင်း ၅၇မှတ်၊ ၅၀မှတ် ရရှိပြီး ၅မှတ်အသာဖြင့် အနိုင်ရယူဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အမျိုးသားဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရာ ပထမပိုင်းတွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းက ၁၄မှတ်၊ ၉မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပိုင်းတွင် ၂၀မှတ်၊ ၁၃မှတ်၊ တတိယပိုင်းတွင် ၁၇မှတ်၊ ၁၂မှတ်၊ စတုတ္ထပိုင်းတွင် ၃၂ မှတ်၊ ၁၉မှတ် စုစုပေါင်း ၇၃မှတ်၊ ၅၃ မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။



**ပိတ်ဆို့ဟန့်တား**

**အမျိုးသား ဗိုလ်လုပွဲ တွင် ရှမ်း ပြည် နယ် (မြောက်ပိုင်း)မှ နံပါတ် ၁၄ ထိုးဖောက်မှုကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဦးလှထွန်း ပိတ်ဆို့ဟန့်တားစဉ်။** (မြန်မာ့အလင်း)

## အကောင်းဆုံးဆု

အမျိုးသမီးအကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုကို စန်းစန်းဌေး(စစ်ကိုင်းတိုင်း)၊ အကောင်းဆုံး ခံစစ်ကစားသမားဆုကို ရီရီအောင်(ရန်ကုန်တိုင်း)၊ အထူးချွန်ဆုံး အားကစားသမားဆုကို စုစုဟန်(စစ်ကိုင်းတိုင်း)တို့ကရရှိသည်။

အမျိုးသား အကောင်းဆုံးပြန်ကျဘောဖမ်းသူဆုကို ကျော်ကျော် (ရှမ်းပြည်နယ်၊ တောင်ပိုင်း)၊ အကောင်းဆုံးခံစစ်အားကစားသမားဆုကို မောင်ငယ် (ရှမ်းပြည်နယ်၊မြောက်ပိုင်း)နှင့် အထူးချွန်ဆုံး အားကစားသမားဆုကို သိန်းသန်းအောင်(ရှမ်းပြည်နယ်၊ မြောက်ပိုင်း)တို့က အသီးသီးရရှိကြသည်။



## မှတ်တမ်းတင်ဓာတ်ပုံရိုက်

**လေးနှစ်ဆက်တိုက် ဗိုလ်စွဲသွားသော စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းအား ဆုယူအပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (မြန်မာ့အလင်း)

## အသန့်ရှင်းဆုံးဆု

အသန့်ရှင်းဆုံး အသင်းဆုကို အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းနှင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းအသင်း၊ အမျိုးသားပထမဒိုင်းဆုကြီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် အမျိုးသမီး ပထမဒိုင်းဆုကြီးကို စစ်ကိုင်းတိုင်းတို့ ရရှိသွားသည်။

ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိန်မြင့်တို့က အလှည့်ကျ ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် မြန်မာ့အလင်းသတင်းအဖွဲ့သည် ပထမဆုရ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းနည်းပြဆရာ ဦးမြင့်ထူးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသားအသင်း အုပ်ချုပ်သူ ဦးမောင်မောင်ဝင်းတို့နှင့် တွေ့ဆုံ၍ ဗိုလ်လုပွဲပြိုင်ပွဲအခြေအနေနှင့်ပတ်သက်၍ မေးမြန်းရာ စစ်ကိုင်းတိုင်းနည်းပြဆရာ ဦးမြင့်ထူးက "ရန်ကုန်တိုင်း အမျိုးသမီးအသင်း ယခင်နှစ်များနှင့် မတူ လက်ရည်အထူးတိုးတက်လာပြီး မိမိတို့ ခက်ခက်ခဲခဲဖြင့် ယှဉ်ပြိုင်ခဲ့ရကြောင်း၊ မိမိတို့၃၄မှတ်၊ ၂၈မှတ်၊ ခြောက်မှတ်အရှုံးဖြင့် ရင်ဆိုင်နေရာမှ မိမိကလေးတွေ အသင်းကိုစုစည်းမှု ပြန်လည်ရယူပြီး နေရာမှန်ကန်ခြင်း၊ ဂိုးသွင်းသေချာမှုနှင့် အောင်နိုင်စိတ်မွေးမြူခြင်းကြောင့် ယခုလိုအနိုင်ရရှိခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းသည် လေးနှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသားအသင်း အုပ်ချုပ်သူ ဦးမောင်မောင်ဝင်းက



**မိမိတို့အသင်း နေရာယူတတ်မှုနှင့် ဂိုးသွင်းသေချာခြင်းတို့ကြောင့် ယခုလို အနိုင်ရရှိခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)အမျိုးသားအသင်းအုပ်ချုပ်သူ ဦးမောင်မောင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** (မြန်မာ့အလင်း)

"ယခုဗိုလ်လုပွဲအနိုင်ရရှိခြင်းမှာ လက်ရည်တပြေးညီရှိခြင်း၊လူစားလဲကစားရာတွင် အရန်ကစားသမား အင်အားတောင့်တင်းခြင်း၊ တစ်သင်းလုံး စုစည်းညီညွတ်မှုရှိပြီး တစ်ဖက်အသင်း အားနည်းချက်ကို ရှာဖွေ၍ ယှဉ်ပြိုင်ခြင်း၊ နေရာယူမှန်ကန်မှုနှင့် ဂိုးသွင်းသေချာခြင်း တို့ကြောင့် ယခုလို အနိုင်ရရှိခြင်းဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ရှင်းပြသည်။

## ဆက်လက်ကျင်းပမည်

၂၀၀၇ခုနှစ် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲနှင့် အသက် ၂၀နှစ်နှင့်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲများကို ဇူလိုင် ၂၉ရက် ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း ဘတ်စကက်ဘော ဝါသနာရှင်များအား သတင်းစကားပါးအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

**သတင်းမှတ်စုနှင့်ဓာတ်ပုံ**
**သိန်းဝင်းလေး**
**(မြန်မာ့အလင်း)**

***✱ ကျောဖုံးမှ***

အားကစားသမားများအဖြစ် **(ဂိုး)** ဗန်လားဟရှယ် (ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း)၊ နေလှိုင် (Royal Eleven)၊ **(နောက်တန်း)** နေအောင်(ဆောက်လုပ်ရေး)၊ သန်းထွန်းအောင် (ရထားပို့ဆောင်ရေး)၊ ရန်မျိုးအောင် (လယ်ယာ/ဆည်မြောင်း)၊ ဇော်နိုင်ထွန်း(မြို့တော်စည်ပင်)၊ နိုင်လင်းထွန်း(စွမ်းအင်)၊ မင်းကိုကို(စီးပွား/ကူးသန်း)၊ **(အလယ်တန်း)** ကိုကိုမောင်(စွမ်းအင်)၊ မြင့်နိုင်(ဘဏ္ဍာ/အခွန်)၊ ပြည့်ဖြိုးဦး(ပို့ဆောင်ရေး)၊ ဇော်လင်း (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ တင်ဝင်းအောင်၊ ဝေလင်း၊ ဒေးဗစ်ဒန်း(အား/ကာသိပ္ပံ၊မန္တလေး)၊ **(ရှေ့တန်း)**အောင်ကျော်မျိုး(စွမ်းအင်)၊ ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)၊ ဇင်မျိုးအောင်(မြို့တော်စည်ပင်)တို့ ပါဝင်ကြသည်။

## စခန်းသွင်းလေ့ကျင့်

အသက်(၂၀)အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းကို ဇွန်လဆန်းပိုင်းမှစတင်၍ စခန်းသွင်းလေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ ပြင်ဆင်လေ့ကျင့်မှုကာလအတွင်း အဆင့်မြင့်တန်းမှ ဆောက်လုပ်ရေး အသင်း၊ လယ်ယာ/ဆည်မြောင်းအသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

အသက်(၂၀)အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းကို ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ်အတွင်းက အာဆီယံ(ယူ-၁၇)ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာ (ယူ-၁၇)အသင်းကိုအခြေခံ၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အသက်(၂၀) အောက် မြန်မာလူငယ် ဘောလုံးအသင်းမှ အားကစားသမားများကို အသက်မှန်ကန်မှုရှိစေရေးအတွက် ပဏာမလက်ရွေးစင်ကစားသမား ၃၄ဦးကို ဇွန်၂၀ ရက်က ဓာတ်မှန်ရိုက်၍ စစ်ဆေးမှုများပြုလုပ်ပြီး ဆေးစစ်ချက် အောင်မြင်သော အားကစားသမား ၂၄ဦးကို ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်လေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။

အာဆီယံ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲအတွက် အုပ်စုရေးဆွဲထားရာ အုပ်စု(က) တွင် မလေးရှားလူငယ်အသင်း၊ စင်ကာပူလူငယ်အသင်း၊ လာအိုလူငယ်အသင်း၊ မြန်မာလူငယ်အသင်းနှင့် ဘရူနိုင်းလူငယ်အသင်း၊ အုပ်စု(ခ)တွင် ဗီယက်နမ်လူငယ်အသင်း၊ ကမ္ဘောဒီးယားလူငယ် အသင်း၊ ထိုင်းလူငယ်အသင်း၊ အင်ဒိုနီးရှားလူငယ်အသင်းနှင့် အရှေ့တီမောလူငယ်အသင်းတို့ပါဝင်ကြသည်။

## ယှဉ်ပြိုင်ရမည်

မြန်မာလူငယ်အသင်းသည်ပထမပွဲစဉ်အဖြစ် ဩဂုတ် ၁ရက်တွင် လာအိုလူငယ်အသင်းနှင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၅ရက်တွင် မလေးရှားလူငယ်အသင်းနှင့် လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် ဩဂုတ် ၇ရက်တွင် ဘရူနိုင်းလူငယ်အသင်းနှင့်လည်းကောင်း၊ စတုတ္ထပွဲစဉ်အဖြစ် ဩဂုတ် ၉ရက်တွင် စင်ကာပူလူငယ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

## ပထမဆုရရှိ

၂၀၀၂ခုနှစ် အာဆီယံအသက်(၂၀)အောက်လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိခဲ့သည်။ ၂၀၀၅ ခုနှစ် အာဆီယံအသက် (၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့သည်။

## ထွက်ခွာကြမည်

အာဆီယံ အသက် (၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အသက် (၂၀)အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် ဇူလိုင်၂၉ရက် (**ယနေ့**) တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



## ပေးအပ်ချီးမြှင့်

**ဇူလိုင်၂၈ရက်က မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော် (၁၅)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## အဆုတ်ရောဂါကာကွယ်ဆေးသစ် စမ်းသပ်အောင်မြင်

**မြန်မာ့အလင်း**
**အင်တာနက်ကျန်းမာရေး**

**နှစ်ပေါင်း ၈၀အတွင်းတွင် ပထမဆုံးသော အဆုတ်ရောဂါ(တီဘီ) ကာကွယ်ဆေးသစ်တစ်မျိုးကို တောင်အာဖရိကနိုင်ငံ၌ စမ်းသပ်ကြည့်ခဲ့ရာ အောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။**

ကျယ်ပြန့်စွာသုံးစွဲ



**လောလောဆယ် ခေတ်စားနေသည့် ဘီစီဂျီအဆုတ်ရောဂါကာကွယ်ဆေးနှင့် တန်းတူသတ်မှတ်သည့် ဤဆေးက တီဘီရောဂါကို ပိုမိုထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်သုတေသီများက ပြောဆိုသည်။ အဆုတ်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် လူပေါင်းနှစ်သန်းကျော် နှစ်စဉ် အသက်ဆုံးရှုံးစေသည့် ရောဂါဖြစ်ပြီး ဆေးမတိုးသည့် လက္ခဏာများလည်း ပိုများလာသည်။ ဤတွင် အကျိုးအာနိသင်ရှိပြီး ဈေးသက်သာသည့် ယင်းကာကွယ်ဆေးကို ဗြိတိန်နိုင်ငံ၌ ကျယ်ပျံ့စွာသုံးစွဲလျှင် သင့်မြတ်မည်ဟု ဆိုသည်။**

# မန်ယူအတွက် သမိုင်းမှတ်တိုင်သစ် စိုက်ထူမည့် ရိုင်ယန်ဂစ်

ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် ဇူလိုင် ၂၈

**မန်ယူအသင်းမှာ သမိုင်းမှတ်တိုင်သစ်စိုက်ထူဖို့ ကြိုးစားနေတဲ့သူကတော့ ဘောလုံးသမားဘဝတစ်လျှောက်လုံး မန်ယူကလပ်တစ်ခုတည်းမှာပဲ စွဲစွဲမြဲမြဲကစားခဲ့တဲ့ မန်ယူတောင်ပံကစားသမား ရိုင်ယန်ဂစ်ပဲ ဖြစ်ပါတယ်။**




**မန်ယူ တောင်ပံကစားသမား ရိုင်ယန်ဂစ်။** (ဓာတ်ပုံ-အင်တာနက်)

အသက် ၁၇နှစ်သား အရွယ်ကတည်းက စတင်ပြီးမန်ယူကလပ်ကို ရောက်ရှိခဲ့တဲ့ ရိုင်ယန်ဂစ်ဟာ မန်ယူအသင်းအတွက် အကောင်းဆုံးခြေစွမ်းတွေပြနိုင်ခဲ့ပြီး ၁၆နှစ်တာကာလတစ်လျှောက်လုံး တစ်နှစ်မှ ခြေစွမ်းပျောက်ခဲ့တာမျိုး မရှိခဲ့တဲ့ ထူးခြားမှုရှိတဲ့ တောင်ပံကစားသမား တစ်ဦးလည်း ဖြစ်ပါတယ်။

**အားပေး**

မန်ယူအသင်းမှာ ပွဲပေါင်း ၇၅၉ပွဲ ကစားခဲ့တဲ့ ဆာဘော်ဘီချာလ်တန်ရဲ့ စံချိန်ကို အမီလိုက်ပြီး ချိုးနိုင်ဖို့အတွက် ရိုင်ယန်ဂစ်ရည်မှန်းချက်ထားနေတာမို့ ဒီရည်မှန်းချက်ကို နည်းပြဖာဂူဆန်ကလည်း ထောက်ခံအားပေးထားပြီ ဖြစ်ပါတယ်။

**စံချိန်ချိုးနိုင်**

ရိုင်ယန်ဂစ်ဟာဆာဘော်ဘီချာလ်တန်ရဲ့စံချိန်ကို ချိုးနိုင်ဖို့ဆိုတာ အခုလောလောဆယ်မှာတော့ ၄၃ပွဲလိုအပ်နေပါသေးတယ်။ရိုင်ယန်ဂစ်ဟာမန်ယူအသင်းနဲ့အတူ ဒီနှစ် ဇူလိုင် ၂၇ရက်အထိ စုစုပေါင်း ၇၁၆ပွဲကစားပေးထားပြီးဖြစ်ပါတယ်။

**သွင်းယူ**

ဒီပွဲတွေမှာ ရိုင်ယန်ဂစ်ဟာ ပွဲချိန်ပြည့်အဖြစ် ပွဲပေါင်း ၆၅၀တိတိကစားပေးခဲ့ပြီး အချိန်ပိုင်းဝင်ရောက်ကစားတာကတော့ ၆၆ပွဲရှိခဲ့ပါတယ်။ ဇူလိုင် ၂၇ရက်အထိ မန်ယူအတွက်ရိုင်ယန်ဂစ် သွင်းယူပေးခဲ့တဲ့ ဂိုးအရေအတွက်က ဂိုးပေါင်း ၁၄၀တိတိရှိထားပြီဖြစ်တယ်။

**ကစားပေး**

ရိုင်ယန်ဂစ် ကစားခဲ့တဲ့ပွဲတွေကို သရုပ်ခွဲကြည့်လိုက်ရင်တော့ မန်ယူအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၅၀၄ပွဲ၊ အက်ဖ်အေဖလားပွဲပေါင်း ၆၀၊ ကားလင်းဖလားပွဲ ၃၀၊ ချန်ပီယံလိဂ်နဲ့ အခြားချစ်ကြည်ရေးခြေစမ်းပွဲပေါင်း ၁၂၂ပွဲကစားပေးခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

ရိုင်ယန်ဂစ်သွင်းယူပေးခဲ့တဲ့ဂိုးတွေကိုကြည့်ရင်လည်း ပရီမီယာလိဂ်မှာ မန်ယူအတွက်ဂိုးပေါင်း ၈၈ဂိုး၊ အက်ဖ်အေဖလားပွဲတွေမှာ ၁၀ဂိုး၊ ကားလင်းဖလားပွဲတွေမှာ ခုနစ်ဂိုး၊ ချန်ပီယံလိဂ်နဲ့ အခြားခြေစမ်းပွဲတွေမှာ ၂၅ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။

**ခြေစွမ်းပြနိုင်**

ဒီလိုတောင်ပံတိုက်စစ်အားကောင်းသလိုဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ရိုင်ယန်ဂစ်ဟာ အသက် ၃၃နှစ် အရွယ်အထိ မန်ယူချာတိတ်တွေဖြစ်တဲ့ ရွန်နေ၊ စီရိုနယ်ဒိုတို့နဲ့အပြိုင် ခြေစွမ်းထက်ထက်မြက်မြက် ပြနိုင်နေဆဲဖြစ်ပါတယ်။

**ချီးကျူး**

ရိုင်ယန်ဂစ်ရဲ့ ခြေစွမ်းထက်မြက်မှုဟာ ဘောလုံးကစားခဲ့တဲ့ကာလတစ်လျှောက်လုံး တိုးတက်ထက်မြက်နေခဲ့တာမို့ ကမ္ဘာ့ဘောလုံးသမားတွေထဲမှာတော့ တကယ့်ကို ရှားရှားပါးပါး ဘောလုံးသမားတစ်ဦး ဖြစ်တယ်လို့ သူ့တပည့်အပေါ် ဖာဂူဆန်က ချီးကျူးစကား ပြောကြားထားပါတယ်။

အခုလာမယ့် ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့ ပွဲတိုင်းကစားနိုင်ဖို့ အထူးအခွင့်အရေး တစ်ရပ်ပေးမယ်လို့ ဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်တာမို့ ဆာဘော်ဘီချာလ်တန်ရဲ့ စံချိန်ကို ရိုင်ယန်ဂစ် ချိုးနိုင်တော့မှာ ဆိုတာ သေချာသလောက်ရှိနေပါပြီ။

**ထူးခြားမှု**

ဒါပေမယ့် ရိုင်ယန်ဂစ်အနေနဲ့ ထိခိုက်ဒဏ်ရာရမှုမရှိအောင်တော့ကြိုးစားကစားဖို့ လိုအပ်ပါလိမ့်မယ်။ ကံကောင်းတာတစ်ခုကလည်း မန်ယူမှာ ကစားခဲ့တဲ့ကာလတစ်လျှောက်လုံးမှာပြင်းထန်ဆိုးရွားတဲ့ ဒဏ်ရာမရခဲ့ဖူးတာကလည်း ရိုင်ယန်ဂစ်ရဲ့ ထူးခြားမှုတစ်ခု ဖြစ်နေပါတယ်။

**ပံ့ပိုးပေးနိုင်**

ရိုင်ယန်ဂစ်ရဲ့နောက်တစ်ခုထူးခြားတာကတော့ ကစားဖော် တိုက်စစ်မှူးတွေကိုတခြားဘောလုံးသမားတွေထက် ပံ့ပိုးမှု ပိုပေးနိုင်တာပဲ ဖြစ်ပါတယ်။ ရိုင်ယန်ဂစ်ဟာ မိမိကိုယ်တိုင် ဂိုးသွင်းဖို့ ကြိုးစားတာထက် ကစားဖော်တွေ ဂိုးသွင်းနိုင်အောင်လည်း အကောင်းဆုံးပံ့ပိုးပေးနိုင်တဲ့သူတစ်ဦး ဖြစ်တယ်လို့ မန်ယူအမှုဆောင်အရာရှိ ဒေးဗစ်ဂီးလ်က ပြောကြားနေပါတယ်။

**ရေရှည်ရှိသင့်**

ရိုင်ယန်ဂစ်လိုကစားသမားမျိုးဟာ မန်ယူလူငယ်တွေအတွက် အကောင်းဆုံးလက်တွဲခေါ်ယူ ကစားပေးသွားနိုင်တဲ့ ဘောလုံးသမားတစ်ဦးမို့ ကလပ်အသင်းမှာ ရေရှည်ရှိသင့်တဲ့ ကစားသမားမျိုးပါလို့လည်း ဒေးဗစ်ဂီးလ်က မှတ်ချက်ပြုထားပါတယ်။

မန်ယူကလပ်မှာ စတင်ကစားခဲ့ပြီး မန်ယူအသင်းမှာပဲ ဘောလုံးသမားဘဝက အနားယူဖို့ ဆုံးဖြတ်ထားတဲ့ ရိုင်ယန်ဂစ်ဟာ မန်ယူအသင်း အတွက် မှတ်တိုင်သစ် စိုက်ထူမယ့်သူအဖြစ် လာမယ့်ဘောလုံးရာသီမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။

ဖာဂူဆန်ကတော့ မန်ယူအသင်းအတွက် မှတ်တိုင်သစ် စိုက်ထူနိုင်မယ့်သူအဖြစ် ကူညီပေးသွားမယ်လို့ ကတိပြုထားတာမို့ ရိုင်ယန်ဂစ်ဟာ မန်ယူအတွက် မှတ်တမ်းတင် သူ့ရဲကောင်းတစ်ဦးအဖြစ်ရောက်ရှိမယ့် လူတစ်ဦးအဖြစ် မြင်တွေ့ရတော့မှာ ဖြစ်ပါကြောင်း။ ။

**(ကိုးကား-အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဘေယန်မြူးနစ် ကွင်းလယ်ကစားသမား ဘွန်မဲလ်သည် ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် ရာသီအစပွဲစဉ်အချို့နှင့် လွဲမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

* ရီမေးနီးယား နောက်တန်းကစားသမား ချီဗူးသည် အင်တာမီလန်သို့ ပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ပြီဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မြင့်မောင်စိုး

### တိုက်စစ်မှူး အလန်စမစ်အားရောင်းချရေး မန်ယူကမ်းလှမ်းမှုများ စောင့်ဆိုင်းနေ



**တိုက်စစ်မှူး အလန်စမစ်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဇူလိုင် ၂၈**

မန်ယူတိုက်စစ်မှူး အလန်စမစ်အားခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုများမရှိသေးကြောင်း၊ ကမ်းလှမ်းမှုများကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း ၎င်းကလပ်က ထုတ်ဖော် ပြောကြားလိုက်သည်။

**မျှော်လင့်**

အသက် ၂၆နှစ်ရှိ စမစ်သည် လက်ရှိ မန်ယူနှင့်စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသည်။ သို့ရာတွင် လာမည့်ရာသီမစတင်မီ ရောင်းချသွားရန် မန်ယူက မျှော်လင့်ထားသည်။

မစ်ဒယ်ဘရော့အသင်းက ၎င်းအားပေါင်ခြောက်သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းထားသော်လည်း အပြီးအပြတ် စာချုပ်မချုပ်ဆိုနိုင်ဘဲရှိသည်။ထိုအတောအတွင်း အဲဗာတန်၊ ဆန်းဒါးလန်း၊ စပါးအသင်းတို့လည်း စမစ်အား အဆက်အသွယ်များပြုလုပ်ထားသည်။ သို့ရာတွင် စာချုပ်နိုင်ရေး ဆွေးနွေးမှုများအဆင့်အထိ မရောက်သေးဘဲရှိသည်။

**ဆွေးနွေး**

မိမိတို့သည် စမစ်နှင့်ပတ်သက်ပြီး တရားဝင်ကမ်းလှမ်းလာမှုများ မရှိသေးကြောင်း၊ အနည်းဆုံးကလပ်နှစ်ခုက ခေါ်ယူရေး ဆွေးနွေးလိမ့်မည့်အခြေအနေရှိကြောင်း မန်ယူအမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂေးလ်က ပြောကြားသည်။

ယင်းတိုက်စစ်မှူးသည် လွန်ခဲ့သော သုံးနှစ်က မန်ယူသို့ လိဒ်ယူနိုက်တက်အသင်းမှ ပေါင်ခုနစ်သန်းဖြင့်ပြောင်းရွှေ့လာသူဖြစ်သည်။ **(အင်တာနက်)**

### နယူးကာဆယ် ကွင်းလယ်ကစားသမားဒိုင်ယာအား စပါးမှ ခေါ်ယူရန်ကြိုးစား




**ကွင်းလယ်ကစားသမား ဒိုင်ယာ။** (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၂၈

**နယူးကာဆယ်ကွင်းလယ်ကစားသမား ကီရွန်ဒိုင်ယာအား နည်းပြဆမ်အလာဒိုက်က အသင်းမှ ထွက်ခွာရန် ခွင့်ပြုလိုက်ပြီးနောက် စပါးအသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။**

ကြိုးစား

**အသက် ၂၈နှစ်ရှိ အဆိုပါကွင်းလယ် ကစားသမားအား မန်စီးတီးအသင်းကလည်း ခေါ်ယူရန် အပြင်းအထန်ကြိုးစားနေကြောင်း သိရသည်။**

ထွက်ခွာသွားပြီ

**ဝက်စ်ဟမ်း အသင်းကလည်း စိတ်ဝင်စားနေသည်။ သို့ရာတွင် စပါးအသင်းသည် ဒိုင်ယာ၏ပထမဦးစားပေးရွေးချယ်မည့်အသင်းဖြစ်လာနိုင်သည်။ ၎င်းသည် နယူးကာဆယ် အသင်းနှင့် ဆဲလ်တစ်အသင်းတို့ ဇူလိုင်၂၆ရက်က ချစ်ကြည်ရေးကစားခဲ့ပြီးနောက် အသင်းမှထွက်ခွာသွားပြီဖြစ်ကြောင်း နည်းပြဆမ်အလာဒိုက်က ပြောကြားသည်။**

(အင်တာနက်)

### နိုင်ဂျီးရီးယားတိုက်စစ်မှူးမာတင် နယူးကာဆယ်၌သာ ကစားမည်ဟုဆို



မာတင်

**နယူးကာဆယ် တိုက်စစ်မှူး မာတင်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဇူလိုင် ၂၈**

နယူးကာဆယ်တိုက်စစ်မှူး မာတင်က ၎င်းအနေဖြင့် စိန့်ဂျိမ်းပတ်ခ်မှ ပြောင်းရွှေ့ရန် ထင်ကြေးပေးနေသော်လည်း မည်သည့်အသင်းသို့မျှ ပြောင်းရွှေ့ကစားလိမ့်မည်မဟုတ်ကြောင်း ပြောကြားသည်။

အသက် ၂၂နှစ်ရှိ နိုင်ဂျီးရီးယား တိုက်စစ်မှူးမာတင်အား အာဆင်နယ်က ခေါ်ယူရန် ပစ်မှတ်ထားနေသူဖြစ်သည်။

**ပျော်ရွှင်မိ**

သို့ရာတွင် မိမိသည် နယူးကာဆယ်ကစားသမားတစ်ဦး ဖြစ်နေသဖြင့် အခြားအသင်းသို့ ပြောင်းရွှေ့ကစားရေးကိစ္စ ဆွေးနွေးရန် ရင်ခုံနှုတ်ပိတ်နေမည်ဖြစ်ကြောင်း ၎င်းက နယူးကာဆယ်ဝက်ဘ်ဆိုက်သို့ ပြောကြားလိုက်သည်။မိမိသည် နယူးကာဆယ်၌ အလွန်ပျော်ရွှင်မိကြောင်း၊ အခြားအသင်းသို့သွားရန် အကြောင်းမရှိကြောင်းဖြင့်လည်း ၎င်းက ဆက်လက်ပြောကြားသည်။

**နောက်လိုက်တိုက်စစ်မှူး**

မာတင်သည် ပြီးခဲ့သောနွေရာသီက ပေါင်၁၀သန်းဖြင့် အင်တာမီလန်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်း၏ပထမဆုံးရာသီတွင်အသင်းအတွက်၁၇ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် ၎င်းသည် နယူးကာဆယ်၌ မိုက်ကယ်အိုဝင်၏နောက်လိုက် တိုက်စစ်မှူးဖြစ်နေသည်။ **(အင်တာနက်)**

## မအူပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာအလှပြိုင်

မအူပင် ဇူလိုင် ၇

**မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း မအူပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာအလှပြိုင်ပွဲကို ဇွန် ၃၀ ရက် ည ၇ နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်၊ မအူပင်မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် မအူပင်၊ ညောင်တုန်း၊ ပန်းတနော်နှင့် ဓနုဖြူမြို့နယ်များမှ ပြိုင်ပွဲဝင်အမျိုးသမီး ၂၄ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုများချီးမြှင့်ရာ မအူပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က ဆံကေသာအလှပြိုင်ပွဲ ပထမဆုရ ညောင်တုန်းမြို့နယ်မှ မခင်ဝေဝေမြင့်အားလည်းကောင်း၊ မအူပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ကြည်ပြာဝင်းက ဒုတိယဆုရ မကျော့ကေခိုင်အားလည်းကောင်း**(အပေါ်ပုံ)**၊ ပန်းတနော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်မေရီက တတိယဆုရ မအူပင်မြို့နယ်မှ မဖြူဖြူသင်းအားလည်းကောင်း ဆုများချီးမြှင့်၍ ဝတ်စားဆင်ယင်မှု ပထမ၊ ဒုတိယနှင့် တတိယဆုများကို ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**



မြဝတီမြို့ လဂွန်းအိမ်လမ်းတွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းရန် ဆောင်ရွက်မှုနှင့် တံတား တစ်စင်းဆောက် လုပ် နေ မှု ကို ဇွန် ၂၇ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ ညွှန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

**မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ခဲ့သော မော်လမြိုင်ကျွန်း-တယ်ချောင်း မြို့ပြနှင့် ကျေးလက်ဆက်သွယ်ထားသည့် ကျောက်ချောလမ်း ဆောင်ရွက်ထားမှုကို ဇူလိုင် ၁၃ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စိုးတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## မိုးရာသီခြံစည်းရိုးကြက်ဆူပင် ကေလေးသောင်း လျာထားချက်ကျော်လွန်ရေး တာချီလိတ်၌ဆောင်ရွက်



**တာချီလိတ် ဇူလိုင် ၂**

တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းသည် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန်၁၇ရက်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ ခြံစည်းရိုးကြက်ဆူ ၂၈ဧက စံပြစိုက်ကွင်းနှင့် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စုရှိ ခြံစည်းရိုးကြက်ဆူ သုံးဧက စံပြစိုက်ခင်းများတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လျာထား**

တာချီလိတ်ခရိုင်အတွင်း ၂၀၀၇ခုနှစ် မိုးရာသီ ခြံစည်းရိုးကြက်ဆူပင် ကေလေးသောင်း စိုက်ပျိုးရန် လျာထားပြီး လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်သည်။

**ဆောင်ရွက်မှု**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌသည် ဝမ်ပုံကျေးရွာ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲယာ အရိပ်ရပင်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)** **(၄၂၀)**

## ပြင်ဦးလွင်၌ မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုး

**ပြင်ဦးလွင် ဇူလိုင် ၁၀**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ရက်က ပြင်ဦးလွင်မြို့နယ် သစ်တောကြိုးဝိုင်း အကွက်အမှတ် (၁၁) မြို့ရှောင်ကွင်းနှင့် အင်းယားကျေးရွာလမ်းဆုံ ရေချမ်းအိုးတောင်ရွာ အရှေ့ဘက်တွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းမော်၊ ခရိုင်ဥက္ကဋ္ဌဦးမင်းလွင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ငွေကျော်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမြင့်ဦးနှင့် သစ်တောဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ သတ်မှတ်ထားသော ရပ်ကွက်၊ ကျေးရွာများ၌ အရိပ်ရပင်နှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြသည်။ **(၂၈၀)**



## လင်းရောင်ခြည်စာကြည့်တိုက်တွင် စာဖတ်ဝိုင်းကျင်းပ

*ချောက် ဇူလိုင် ၂၅*

***ချောက်မြို့နယ် လက်ပန်ကျွန်းရွာသစ် စံပြကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ဦးဆောင်မှုဖြင့် ဇူလိုင်၂၁ ရက် မွန်းလွဲ ၁နာရီက စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌ ဦးကြည်စိန်နှင့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ စာဖတ်သူနှင့် စာငှားသူများ တက်ရောက်ကြသည်။***

***အခမ်းအနားတွင်လက်ပန်ကျွန်းရွာသစ်နေပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မဇင်နှင်းအိကဆောင်ရွက်ပြီး ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးကြည်စိန်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းက စာဖတ်ဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။***

***ထို့နောက် လူတိုင်းလူတိုင်း အရွယ်မရွေး စာဖတ်သင့်ကြောင်းအဆိုကို ဦးကျော်နိုင်ထွန်းက ဖတ်ကြားတင်သွင်းရာ ဒေါ်သင်းသင်းလှဲ့က ထောက်ခံဆွေးနွေးပြီး တက်ရောက်လာသည့် ပရိသတ်များက စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။***

*(မြို့နယ် ပြန်/ဆက်)*



**ကျောက်တန်းမြို့နယ် တံတားမြို့ ကဒပ္ပန စံပြကျေးရွာ မြကြည်သာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ဒုတိယအကြိမ်လှူဒါန်းပွဲမှရရှိသည့် ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်များကို ဇွန် ၂၄ ရက်က တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းသူရက ကျေးရွာဥက္ကဋ္ဌ ဦးစိန်မင်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (မြို့နယ် ပြန်/ဆက်)

## ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ဘားအံ ဇူလိုင် ၂၄**

ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ရက် မွန်းလွဲပိုင်းက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘားအံမြို့နယ် စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ဦးရှိန်(ငြိမ်း) က အမှာစကားပြောကြားပြီး ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲကိုကျင်းပရာ စစ်မှုထမ်းဟောင်း သားသမီးများမှ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်နှင့်ကောလိပ် ကျောင်းသား ကျောင်းသူ ၃၅၆ဦးတို့အတွက် ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ် နှစ်သိန်းနှင့် ဘားအံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၃၇၁၀၀၀ကို ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ဦးရှိန်(ငြိမ်း) နှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးစောထွန်းလှမြိုင် (ငြိမ်း) တို့က ပေးအပ်ချီးမြှင့်ရာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ **(ဝဲပုံ)** နှင့် ကျောင်းသား ကျောင်းသူများ လက်ခံယူကြကြောင်း သိရသည်။

**(စစ်မှုထမ်းဟောင်း)**



ပခုက္ကူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်သော မြကန်သာပန်းခြံအပန်းဖြေဥယျာဉ်အတွင်းရှိ စည်းလုံးခြင်းသည် အင်အားရုပ်တု ဝန်းကျင် သန့်ရှင်း သာယာလှပရေးလုပ်ငန်းဆောင်ရွက်မှုကို အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်နီနီအောင် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



# ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း)နှင့် စက်ဆန်းကုန်ရုံ ကြည့်ရှုစစ်ဆေး ရထားစက်ခေါင်းများ ရေရှည်အသုံးပြုနိုင်ရေး စက်များကောင်းမွန်အောင်စနစ်တကျ ကြိုးစားပြုပြင်

**ရန်ကုန် ဇူလိုင် ၂၈**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် လိုက်ပါလျက် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း)သို့ ယနေ့ မွန်းလွဲ ၁နာရီတွင်ရောက်ရှိလာရာ ရှေးဦးစွာ ဝန်ကြီးအား လက်ထောက်စက်မှုအင်ဂျင်နီယာ ဦးစန်းဦးက စက်ရုံ ရှင်းလင်းခန်းမဆောင်၌ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း) ဝန်ထမ်း ဖွဲ့စည်းပုံ၊ စက်ခေါင်းအမျိုးအစားအလိုက် ထားရှိပြေးဆွဲမှုအခြေအနေ၊ ချောဆီအသုံးပြုမှု၊ ဒီဇယ်ဆီအသုံးပြုမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ရထားစက်ခေါင်းများ ပြင်ဆင်မွမ်းမံမှု၊ သင်တန်းပို့ချမှုနှင့် တာဝန်ခွဲဝေသတ်မှတ်မှုတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐





ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စက်ဆန်းကုန်ရုံဝင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

## ချင်းတွင်း၊ ဒုဋ္ဌဝတီနှင့် ဧရာဝတီ မြစ်ရေကြီးမှု သတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၈

**ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၃၀၂၆စင်တီမီတာသို့ ရောက်ရှိနေသည်။**

**အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။**

ဒုဋ္ဌဝတီမြစ်ရေ

**ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၇၁ စင်တီမီတာသို့ ရောက်ရှိနေသည်။**

**အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။**

ဧရာဝတီမြစ်ရေ

**ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ညောင်ဦးမြို့တွင် စင်တီမီတာ ၂၀၈၀ နှင့် ဟင်္သာတမြို့တွင် ၁၃၀၄ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြသည်။**

**အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်များဖြစ်သော စင်တီမီတာ ၂၁၂၀ နှင့် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။**

**အလားတူ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ၁၀၆၃ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၄၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။** (သတင်းစဉ်)

## နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲဆက်လက်ယှဉ်ပြိုင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနိုင်ရ

နေပြည်တော် ဇူလိုင် ၂၈

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ၏ ပွဲစဉ်အမှတ် ၁၁ ပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။**

**ပေါင်းလောင်းအားကစားကွင်း**

**ညနေ ၄ နာရီပွဲ (ခခ) အုပ်စု**

| | |
|---|---|
| **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | **ခြောက်ဂိုး။** |
| **သမဝါယမဝန်ကြီးဌာန** | **ဂိုးမရှိ။** |

**ကြည့်ရှုအားပေး**

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်း မိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေး ကြသည်။

**ဆက်လက်ယှဉ်ပြိုင်ကစားမည်**

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်(ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့)တွင် တစ်ရက်တာ ရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၃၀ ရက်တွင် (ခခ) အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် (ဂဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း နေ့စဉ် ညနေ ၄ နာရီတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## အာဆီယံအသက်(၂၀)အောက် ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

သတင်း ဆောင်းပါး ကိုထွေး

**ရန်ကုန် ဇူလိုင် ၂၈**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ အာဆီယံအသက် (၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ အသက်(၂၀)အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**လိုက်ပါဆောင်ရွက်**

အသက်(၂၀)အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို အားကစားသမား ၁၈ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၂၄ ဦးဖြင့် ဖွဲ့စည်းထားသည်။ အသက်(၂၀)အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမောင်ဝင်း(ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်၊ နည်းပြအဖြစ် ဦးဆန်းဝင်း(ဆောက်လုပ်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုး(စီးပွား/ကူးသန်း)၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦး (ရထားပို့ဆောင်ရေး)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအောင်ကိုကိုဝင်း (အား/ကာဦးစီးဌာန)တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✻